ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (12-5-2006) (၄၉၅၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသော စိန်ဖူးတော်အား ဦးကြိုင်စန်းရွှေက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သန်လျင်တပ်နယ်ရှိ သကျမာရဇိန်စေတီတော်

အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် အခမ်းအနားကျင်းပ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တက်ရောက်ကြည်ညို

ရန်ကုန်　　မေ　　၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သကျမာရဇိန်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါစေတီတော်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီးဒေါ်အေးအေးတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်း ခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ

စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိအမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဖိတ်ကြားထားသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ မင်္ဂလာစည်တော်အဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကိတ္တိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသော စိန်ဖူးတော်အား ဦးကြိုင်စန်းရွှေနှင့်ဇနီး မိသားစုကလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းမိသားစုက လှူဒါန်းသော ငှက်မြတ်နားတော်ကို ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဦးကျော်ညွန့်တို့ကလည်းကောင်း၊ ရွှေကြာသင်္ကန်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလည်းကောင်း၊ သာသနာ့အောင်လံတော်ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလည်းကောင်း ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကိတ္တိထံမှ အနုမောဒနာတရားနာကြားကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror　အင်တာနက်သတင်း

ပန်းမန်ပို့ကုန်ဖြင့် စီးပွားရေးမြှင့်တင်ရန် အီသီယိုးပီးယားနိုင်ငံ ကြိုးပမ်းနေ

နာဇာရစ်(အီသီယိုးပီးယား)　　မေ　　၁၁

အီသီယိုးပီးယားနိုင်ငံ ဂျိုဘီယာပန်းဥယျာဉ်အတွင်းတွင် ဖန်လုံအိမ်ကလေးများ အများအပြားရှိပြီး ထိုဖန်လုံအိမ်များအတွင်း၌ ပြည်ပသို့တင်ပို့ရန်အတွက် အသင့်ဖူးပွင့်နေသည့် နှင်းဆီဖူးများ အစီအရီရှိနေကြသည်။

ထိုနှင်းဆီပန်းများမှာ ပြည်တွင်းဈေးကွက်အတွက် အဓိကရောင်းချရန် မဟုတ်ဘဲ ဝေးလံသည့် ဥရောပဈေးကွက်များဆီသို့ တင်ပို့ရောင်းချရန် ရည်ရွယ်ထားသော ပန်းများဖြစ်သည်။ ယင်းဂျိုဘီယာဥယျာဉ်သည် အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအဘာဘာ၏ တောင်ဘက် မိုင် ၉၀ အကွာတွင် တည်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶

အီသီယိုးပီးယားနိုင်ငံ၏ အားထားရမည့် နှင်းဆီပန်းပို့ကုန်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂-၅-၂၀၀၆
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားရေးဇာတိအားမာန် ထက်သန်ခိုင်မာအောင် လှုံ့ဆော်မှုရေးဦးတည်ချက်များနှင့်အညီ ဆက်လက်စွမ်းဆောင်

အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါဟူသည့် ကြွေးကြော်သံနှင့်အညီ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့၌ နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အသင်းကြီး၏ ကြွေးကြော်သံများသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ အသည်းထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တိုက်ပွဲဝင်ရန် တိုင်းရင်းသား မျိုးချစ်လူငယ် ထောင်ပေါင်းများစွာတို့အား မျက်စိနှင့်နားကို ဖွင့်ပေးနိုင်ခဲ့သည်။ အမြို့မြို့အနယ်နယ်တွင် အသင်းအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်လာပြီး လွတ်လပ်ရေးရရှိရေးအတွက်ကြိုးပမ်းရန် ဆုံးဖြတ်စည်းရုံးခဲ့ကြသဖြင့် **လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက** ဟူ၍ပင် ဆိုစမှတ်ပြုခဲ့ကြသည်။

ဝိုင်အမ်ဘီအေသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ချိန်သည် နယ်ချဲ့တို့က မြန်မာတစ်နိုင်ငံလုံးအား သိမ်းပိုက်၍ ဖိနှိပ်အုပ်ချုပ်ထားသည့် ၂၁ နှစ်အကြာကာလတွင်ဖြစ်သည်။ အသင်းကြီး၏ အဓိကရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တိုးတက်ပြန့်ပွားရေးပင်ဖြစ်ရာ အဆိုပါ မွန်မြတ်သည့် ရည်ရွယ်ချက်များသည်ပင် သူ့ကျွန်ဘဝတွင် နေထိုင်ကြရသည့် မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ် ထွန်းကား ပြန့်ပွားရေးအတွက် မီးရှူးတန်ဆောင်ပမာ လမ်းပြပေးနိုင်ခဲ့သည်။

အသင်းကြီးသည် အမျိုးသားရေးဇာတိအားမာန်တို့ကို ဦးဆောင်စည်းရုံး ပျိုးထောင်ပေးလာနိုင်ခဲ့သည့်အတွက် တစ်မျိုးသားလုံးအပေါ် စိုးမိုးအုပ်ချုပ် လွှမ်းမိုးခြယ်လှယ်ခဲ့သော နယ်ချဲ့တို့ကိုဆန့်ကျင်ပြီး လွတ်လပ်ရေးရရှိသည်အထိ ကြိုးပမ်းရာတွင် အထောက်အကူပြုပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။

အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလမှစ၍ နိုင်ငံရေးလုပ်ငန်းများနှင့် ဆက်စပ်ခြင်းမရှိတော့ဘဲ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးလုပ်ငန်းများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ရာ လူငယ်လူရွယ်များအား အသိအလိမ္မာ၊ အတတ်ပညာများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် နှစ်စဉ်အားပေးကူညီပံ့ပိုး လျက်ရှိသည်။

၁၉၅၀ ပြည့်လွန် ဆဋ္ဌသင်္ဂါယနာအကြိုပြင်ဆင်မှုကာလတွင် ဝိုင်အမ်ဘီအေ စာပေဖြန့်ချိရေးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်း၍ ပိဋကတ်တော်သန့်ရှင်းရေး၊ ပိဋကတ်တော်မြန်မာပြန်များ ထုတ်ဝေရေးတို့ကို ဆောင်ရွက်ခဲ့ပြီး တိုက်ဆိုင်စိစစ်ပြီးသော ပိဋကတ်ကျမ်းစာအုပ် ၂၈ အုပ်ကို ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ကာလတွင်လည်း ရုပ်စုံဗုဒ္ဓဝင်ပန်းချီစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခြင်းအပါအဝင် မင်္ဂလာတရားတော်စာပေများ၊ အဘိဓမ္မာသင်တန်းနှင့်ဆက်စပ်၍ ဝိုင်အမ်ဘီအေ အဘိဓမ္မာ စေတသိက်များပို့ချချက်၊ ဝိုင်အမ်ဘီအေ အဘိဓမ္မာ ရုပ်ပိုင်းပို့ချချက် စသည်တို့အား ထုတ်ဝေဖြန့်ချိပေးလျက်ရှိသည်။

အသင်းကြီးအနေဖြင့် မြန်မာတစ်နိုင်ငံလုံး၌ အခြေခံပညာအထက်တန်းအဆင့် ထူးချွန်သူများကို အားပေးချီးမြှောက်လျက်ရှိသည့်အပြင် ဘဝတွက်တာသိမှတ်စရာ မိခင်နှင့်ကလေးကျန်းမာရေးသင်တန်းဖွင့်လှစ်သည့်လုပ်ငန်းများ၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးရေးလုပ်ငန်းများ၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများနှင့် နိုင်ငံအကျိုးပြု လုပ်ငန်းများစွာတို့တွင် စဉ်ဆက်မပြတ် ပါဝင်ထမ်းဆောင်လျက်ရှိပေသည်။

သို့ဖြစ်ရာ ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေးဇာတိအားမာန် ထက်သန်ခိုင်မာအောင် ဦးဆောင်စည်းရုံး ပျိုးထောင်ပေးနိုင်ခဲ့သည့် မွန်မြတ်သောအစဉ်အလာကောင်းများနှင့်အတူ နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသည့် **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး** ဟူသည့် အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ ဆက်လက် ကြိုးပမ်း စွမ်းဆောင်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ကိုးမိုင် မဟာစည် သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ညောင်ရေသွန်းပွဲတော် မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉နာရီက မဟာစည်မွှာရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(အပေါ်ပုံ)**

မင်္ဂလာ အခမ်းအနားကိုဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က ညောင်ရေသွန်း တရားတော်ကို ဟောကြားတော်မူသည်။

ဆက်လက်၍ ဆရာတော် အမှူးပြုသော သံဃာတော်များ၊ ယောဂီဒေ့ ပရိသတ်များက "ယဿမုလေ နိသိန္နောယော" အစချီသော ညောင်ရေသွန်း ဂါထာတော်များ၊ ဗောဓိရက္ခ ဂီတိရှစ်လုံးဘွဲ့ ကဗျာများရွတ်ဆို၍ ကျောင်း ပရိဝုဏ်အတွင်းရှိ ဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။ (သတင်းစဉ်)

လောကရန်နှိမ်မာရဇိန် ဆုတောင်းပြည့်စေတီတော် ပဋ္ဌာန်းပူဇော်ပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ အမှတ်(၁) ဝိုင်း ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် လောကရန်နှိမ်မာရဇိန် ဆုတောင်း ပြည့်စေတီတော်၏ (၁၁)ကြိမ်မြောက် ပဋ္ဌာန်းပူဇော်ပွဲနှင့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ရှေးဦးစွာ လောကရန်နှိမ်မာရဇိန် ဆုတောင်းပြည့် စေတီတော် ဦးစီးနာယက ပျဉ်းမနားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ ထံမှ ဒေ့ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားပူဇော်ကြ၍ ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒက ရေစက်ချအနုမောဒနာတရား ချီးမြှင့်ကာ ဒေ့ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရေသွန်းလောင်းပူဇော်

ယင်းနောက် လောကရန်နှိမ်မာရဇိန်ဆုတောင်းပြည့် စေတီတော် ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်၊ သံဃာတော်နှင့် ဒေ့ပရိသတ်တို့က ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး လမ်းသန့်ရှင်းရေးဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်က ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်အလယ်လမ်းတွင်လမ်းသာယာရေးကော်မတီက ကိုယ့်အားကိုယ်ကိုး သန့်ရှင်းရေးဆောင်ရွက်နေသည်များကို သွားရောက်ကြည့်ရှုအားပေးသည်။

လိုက်လံပြသ

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် လမ်းသာယာရေးကော်မတီဝင်များက ဗိုလ်ဆွန်ပက်အလယ်လမ်းဝဲ/ယာ ရေမြောင်းများ ဖိုက်သားပေါ်သည်အထိရှင်းလင်းပြီး မီးသတ်ပိုက်များအသုံးပြု၍ မြောင်းများဆေးကြောခြင်း၊ ခြင်များမခိုအောင်းနိုင်ရန် ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံပြသကြသည်။ **(အပေါ်ပုံ)** (၁၉)

ညီလာခံတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၁

ကနေဒါနိုင်ငံ အော့တဝါမြို့တွင် အခြေစိုက်ဖွင့်လှစ်ထားသည့်အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်များအဖွဲ့ချုပ်က ကြီးမှူး၍ မေ ၁၃ရက်မှ ၁၆ရက်နေ့ထိ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်များ အဖွဲ့ချုပ်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်များ အသင်းမှ ဥက္ကဋ္ဌ ဦးမျိုးသန့်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မြမြတို့သည် ယနေ့ နံနက် ၉နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှုလုပ်ငန်းအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မကြီးကြီးလမ်းနေ ဦးသော်သော်မြင့်မိုရ် ကိုယ်စားမောင်၊ ညီအစ်မများက ငွေကျပ် ၆၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၂၅၇)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြုစုအင်အားပြည့်ဝမှ လုံခြုံစိတ်ချပြည်သူ့ဘဝ

တက္ကသိုလ်တင်အောင်

နှစ်စဉ် မေလ ၁၂ ရက်နေ့သည် **"အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့"** ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၆၁ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီသို့ ဝင်ရောက်ခဲ့သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ဆောင်ပုဒ်မှာ **"ပြုစုအင်အား ပြည့်ဝမှ လုံခြုံစိတ်ချပြည်သူ့ဘဝ"**ဟူ၍ ဖြစ်သည်။

အတိတ်ကာလက နိုက်တင်ဂေးလ်ဆိုသော သူနာပြုဆရာမလေး သည် ညအမှောင်ထုအတွင်း မီးအိမ်ကလေးကို ကိုင်ဆွဲကာ လူနာများ အား ပြုစုခဲ့သည်ကို အကြောင်းပြု၍ **"မီးအိမ်ရှင်မလေးနိုက်တင်ဂေးလ်"** ဟု တင်စားခေါ်ခဲ့ကြပါသည်။

မည်သည့်အချိန်၊ မည်သည့်နေရာက မြစ်ဖျားခံခဲ့သနည်း။

၁၈၅၄ ခုနှစ် မတ်လအတွင်း အင်္ဂလိပ်နှင့် ပြင်သစ်တို့ ဖြစ်ပွားခဲ့သော ကရိုင်းမီးယားစစ်ပွဲက မြစ်ဖျားခံခဲ့သည်ဟု ဆိုနိုင်ပါသည်။ စစ်မြေပြင်ရှိ ဒဏ်ရာရရှိသော လူနာများအား သူနာပြုဆရာမလေး နိုက်တင်ဂေးလ်သည် နေ့မအား ညမနား ပြုစုစောင့်ရှောက်ခဲ့သောကြောင့် စစ်ပွဲပြီးဆုံး၍ လန်ဒန်သို့ ပြန်လည်ရောက်ရှိသည့်အခါ အက်ဒွပ်ဘုရင်မနှင့် တိုင်းသူ ပြည်သားအပေါင်းတို့က တစ်ခဲနက်ကြိုဆိုခဲ့ကြပြီး ပဏ္ဏာများ ချီးမြှင့်ခဲ့ကြသည်။ ဂုဏ်ပြုဆုတံဆိပ်များလည်း ချီးမြှင့်ခဲ့သည်။

ထိုစဉ်က သူနာပြုဆရာမလေး နိုက်တင်ဂေးလ်သည် ပြည်သူတို့က ပေးသော ဆုငွေပေါင် ၅၀၀၀၀ ဖြင့် ၁၈၆၀ ပြည့်နှစ် တွင် လန်ဒန်မြို့၌ ရှိသော **"စိန့်သောမတ်"**ဆေးရုံ၌ ပထမဆုံး နိုက်တင်ဂေးလ် သူနာပြု သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် သားဖွား ဆရာမ သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ခဲ့သည်။ နောင်သောအခါ ကမ္ဘာ့ နိုင်ငံအသီးသီး၌ သူနာပြုသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ကြသည်။

ယင်းကဲ့သို့ သူနာပြုစုမှုလုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို သယ်ပိုးထမ်း ဆောင်နိုင်ခဲ့သော ကမ္ဘာ့သူနာပြု မိခင်ကြီး နိုက်တင်ဂေးလ်သည် ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ ၁၃ ရက်နေ့ အသက် (၉၀)တွင် ကွယ်လွန် သွားခဲ့သည်။

၁၉၀၇ ခုနှစ် လန်ဒန်၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် သူနာပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြု ဆုတံဆိပ်များ ချီးမြှင့်သင့်ကြောင်း ဟန်ဂေရီနိုင်ငံ ကြက်ခြေနီအသင်း က တင်ပြခဲ့သည်။

ကမ္ဘာ့သူနာပြုလောက၌ **"စံ"**တင်ထားထိုက်သော ဖလောရင့် နိုက်တင်ဂေးလ်ကို ဂုဏ်ပြုသောအားဖြင့် ဖလောရင့်နိုက်တင်ဂေးလ် ဆုတံဆိပ်နှင့် ဖလောရင့်နိုက်တင်ဂေးလ်ရန်ပုံငွေထားရှိရန် ၁၉၀၈ခုနှစ် (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံ၌ ဆုံးဖြတ် အတည်ပြုခဲ့သည်။ ၁၉၂၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့တွင် နိုက်တင်ဂေးလ် ဆုတံဆိပ် ချီးမြှင့်ခဲ့ရာမှ **"အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့"** ဟူ၍ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ကရဏာရှင် ဝါရင့်သူနာပြုကြီးများဖြစ်ကြသော ဒေါ်ခင် အုန်းမြ၊ ဒေါ်သိန်းကြည်၊ ဒေါ်အမ်ယောနမ်တို့သည် နိုက်တင်ဂေးလ် ဆုရှင်များဖြစ်ကြသည်။ ၎င်းတို့၏ စွမ်းဆောင်မှုသည် ဂုဏ်ယူဖွယ် ကောင်းလှသည်။ ယနေ့သူနာပြုလူငယ်များအတွက် စံနမူနာယူစရာ၊ အားတက်စရာ ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ မေလ ၁၂ ရက်နေ့ရောက်တိုင်း အပြည်ပြည် ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပကြပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဆောင်ပုဒ်ဖြစ်သော **"ပြုစုအင်အားပြည့်ဝမှ လုံခြုံစိတ်ချ ပြည်သူ့ဘဝ"** ခေါင်းစဉ်ဖြင့် ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပလျက် မေလ ၁၂ ရက်နေ့ (ယနေ့)တွင် ဆုချီးမြှင့်ခြင်း အခမ်းအနားများ ပြုလုပ်ခြင်းသာမက သူနာပြုမိသားစုများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊ လုပ်သက်ရင့် သူနာပြုများအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ အငြိမ်းစား သက်ကြီး သူနာပြုများအား ပူဇော် ကန်တော့ခြင်း စသည့် အထိမ်းအမှတ်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံး ရှိ တောင်ပေါ်မြေပြန့်ဒေသ အသီးသီးမှ သူနာပြု အသင်းခွဲများ၌ သိုက်သိုက်မြိုက်မြိုက် ကျင်းပကြမည် ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူ တို့၏ ကျန်းမာရေး စောင့်ရှောက်မှုများအား ပိုမိုတိုးမြှင့်ဆောင်ရွက်ပေး နိုင်မည်ဖြစ်သည်။ သို့မှသာ ပြည်သူတို့၏ ကျန်းမာရေး ကဏ္ဍသည် လည်း လုံခြုံစိတ်ချနိုင်ပေမည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ သူနာပြုအသင်းကြီးသည် လူထုအခြေပြု အိမ်တွင်းပြုစုမှုလုပ်ငန်း စီမံချက်ကို ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ပေါင်း ၄၂ မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူ များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များအားလုံးက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးမှုတို့ကြောင့် ပိုမိုတိုးတက် အောင်မြင်နေသည်ကို မြင်တွေ့နိုင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ သူနာပြုအသင်းဥက္ကဋ္ဌ ဒေါ်အီးဘာဘာရိုက လက်တွဲဖော် သူနာပြု ဆရာမကြီးများအား တိုက်တွန်း ပြောကြားသည့် အတိုင်း–

- **အခြေခံသူနာပြုစုမှု အတတ်ပညာကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်စေရန်၊**
- **အာဟာရပြည့်စုံစွာ စားနိုင်ရေးအတွက် ပညာပေးပံ့ပိုး ကူညီပေး နိုင်စေရန်၊**
- **ကိုယ်ဝန်ဆောင်နှင့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်း ကိုပါ ပူးတွဲဆောင်ရွက်နိုင်စေရန်** ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့်

၂၀၀၆ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ၏ ယခုနှစ် ဆောင်ပုဒ်ကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ရာ ရောက်ရှိ မည်ဟု ယုံကြည်လျက် **"အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့"**ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ သူနာပြုအသင်း

၂၀၀၆ ခုနှစ်

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့

Safe Staffing Saves Lives

ပြုစုအင်အားပြည့်ဝမှ – လုံခြုံစိတ်ချပြည်သူ့ဘဝ

၂၀၀၆ ခုနှစ် မေလ(၁၂)ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးတွင် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို ယနေ့ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က အမှာစကား ပြောကြားပြီး ရန်ကုန် အရှေ့ပိုင်း သူနာပြုသင်တန်းကျောင်းအုပ် ဒေါ်ဦးသန်းတင်**(အပေါ်ပုံ)** က အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဆောင်ပုဒ်ဖြစ်သည့် **"ပြုစုအင်အား ပြည့်ဝမှ၊ လုံခြုံစိတ်ချ ပြည်သူ့ဘဝ"** အကြောင်းကို ဟောပြောသည်။ (၂၃)

ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဧပြီ ၂၇ရက်က ကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

ကွယ်လွန်သူ ဗိုလ်ကြီးတင့်ခိုင်အား ရည်စူး၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်း ကျားကွက်သစ် ရပ်ကွက် ကျောက်မြောင်းနေ ဇနီး ဒေါ်ထွေးထွေးခိုင်၊ သား မောင်သင့်မြတ်နိုင် မိသားစုက ဗဟန်းမြို့နယ် ဧဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်း ရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က–ပ)

ကျောင်လေးဝေးဝေး မှူးယဉ်ဆေး

ပေးအပ်လှူဒါန်း

နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးပေါက်တူးအား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ မြနန္ဒာလမ်းနေ ဇနီး ဒေါ်ကျင်အေးနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ် ခြောက်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရား နာယူပြီး တိ–နိ (ရန်ကုန် ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ် လှူဒါန်းစဉ်။

(ကြေးမုံ)

ကွန်ဂိုရှိ ကုလသမဂ္ဂတပ်ဖွဲ့ထံ မာရီမာရီအဖွဲ့ လက်နက်ချ

ကင်ရှာဆာ မေ ၁၀

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာစီ)ကာတန်ဂါပြည်နယ် အရှေ့တောင်ပိုင်းရှိ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဖွဲ့ထံသို့ ယခင်ရက်သတ္တပတ်ကုန်ပိုင်းကမာရီမာရီလက်နက်ကိုင်အဖွဲ့ လက်နက်ချခဲ့ကြသည်ဟု ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားတပ်ဖွဲ့(အက်ဖ်အေအာဒီစီ) က မေ ၈ ရက်တွင် ပြောကြားသည်။

လက်နက်ချ

လက်နက်ချ ဝင်ရောက်လာသော တပ်ဖွဲ့တွင် လက်နက်ကိုင်တပ်သား ၁၅၀ ပါဝင်သည်။ ကာတန်ဂါမြို့ လူဘမ်တာရှိ ဒေသမြောက်ပိုင်း ကီလိုမီတာ ၄၀၀ အကွာ မစ်ဝါဘာအရပ်တွင် စခန်းချထားသော ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဖွဲ့ထံသို့ အဆိုပါ တပ်ဖွဲ့များ လက်နက်ချခဲ့ကြောင်း အက်ဖ်အေအာဒီစီအဖွဲ့က တရားဝင် ထုတ်ပြန်ခဲ့သည်။

မာရီမာရီလက်နက်ကိုင် အဖွဲ့များ ပါဝင်သော ဂျီဒီအွန်အဖွဲ့ကို ကွန်ဂို အမျိုးသားတပ်ဖွဲ့ အက်ဖ်အေအာဒီစီက ယခင်နှစ် နိုဝင်ဘာလတွင် ချေမှုန်းမှု စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ တိုက်ပွဲကြောင့် ပြည်သူ ၁၇၀၀၀၀ တို့ နေအိမ်များကို စွန့်ခွာခဲ့ကြရပြီး ထိုဒေသရှိ ရွာပေါင်းများစွာ မီးလောင်ပျက်စီးကာ လုယက်မှုများလည်း ဖြစ်ပွားခဲ့သည်။

အဆိုပါစစ်သွေးကြွအဖွဲ့ခေါင်းဆောင် ခရန်ဂူကာဆွန်ဂိုကို စစ်ဆင်ရေးကာလအတွင်း ဖမ်းမိခြင်း ရှိ၊ မရှိကို တရားဝင် ထုတ်ပြန်ပြောကြားခဲ့ခြင်းမရှိပေ။

ပူးပေါင်း

ကွန်ဂိုရှိ အစိုးရ ဆန့်ကျင်ရေး လက်နက်ကိုင်အုပ်စုများအနက် မာရီမာရီလက်နက်ကိုင်အဖွဲ့သည် အကြီးဆုံး တပ်ဖွဲ့ဖြစ်သည်။ အဆိုပါအုပ်စုမှ ခေါင်းဆောင်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရထံသို့ ဆက်သွယ် ပူးပေါင်းခဲ့သော်လည်း ထိုလက်နက်ကိုင်အဖွဲ့၏ အုပ်စုငယ်ခေါင်းဆောင်အချို့သည် ယခုတိုင်အောင် အစိုးရနှင့် ဆက်သွယ်ပူးပေါင်းခြင်းမရှိသေးဘဲ လက်နက်ကိုင်ထားကြဆဲဖြစ်သည်။ ထိုအခြေအနေကြောင့် လက်နက်ကိုင်လှုပ်ရှားမှုများ ဆက်လက်ရှိနေပြီး အခြေအနေ မငြိမ်မသက်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယား ရဲတပ်ဖွဲ့ဝင်တစ်ဦး ကိုရီးယားကျွန်းဆွယ် ပင်လယ်ကမ်းခြေတွင် တာဝန်ထမ်းဆောင်နေသည်ကို မေ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဇမ်ဘီယာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၌ ပိုမို ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

လူဆာကာ မေ ၁၀

တောင်အာဖရိကဒေသတွင် စွမ်းအင်လိုအပ်မှုများပြားသည့်အတွက် စွမ်းအင်ကဏ္ဍ၌ ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း ဇမ်ဘီယာစွမ်းအင်နှင့် ရေအရင်းအမြစ် ဖွံ့ဖြိုးမှုဝန်ကြီး ဖီလစ်မူတာတီက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံ၏ နေရာဒေသများတွင် စွမ်းအင် အထောက်အပံ့များ ရရှိရန် လိုအပ်နေကြောင်း ရေအားလျှပ်စစ် ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေးနှင့် ဘဏ္ဍာရေးရာ ဆွေးနွေးပွဲ၌ မူတာတီက အထက်ပါ စကားများကို ပြောဆိုခဲ့သည်။ ထိုအစည်းအဝေးကို လူဆာကာမြို့၌ ပြုလုပ်ခဲ့သည်။

ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးမှာ တိုးတက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှု ကျဆင်းပြီး မိုင်းတွင်းလုပ်ငန်း တိုးတက်လျက် ရှိကြောင်း၊ စီးပွားရေးတိုးတက်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်မှုသည် များပြားလာကြောင်း၊ ထို့ကြောင့် အရင်းအမြစ်ကဏ္ဍများဖြည့်ဆည်းရန် စွမ်းအင်ကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ယမန်နှစ် ဧပြီလတွင် ၁၈ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၉ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။ နှစ်သုံးဆယ်တွင် အနိမ့်ဆုံးသို့ ကျဆင်းမှုအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ထိုသို့ငွေကြေး ဖောင်းပွမှုနှုန်း ကျဆင်းခြင်းသည် ၂၀၀၅ ခုနှစ်တွင် ပြည်ပကြွေးမြီ လျော်ပစ်ခြင်းနှင့် နိုင်ငံတကာ ဈေးကွက်တွင် ကြေးနီတင်ပို့မှုလုပ်ငန်း၌ အမြတ်အစွန်းများ ရရှိမှုကြောင့်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် စီးပွားရေး တိုးတက်မှု စီမံချက်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဝေခြင်း လုပ်ငန်းများ တိုးချဲ့ခြင်းနှင့် အသစ်လုပ်ကိုင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်နေကြောင်း ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အိုဟီနီညာနင်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

သြစတြေးလျမိုင်းလုပ်သားနှစ်ဦး နှစ်ပတ်ကြာပိတ်မိနေရာမှလွတ်မြောက်လာ

သြစတြေးလျနိုင်ငံ ရွှေမိုင်းတွင်းအတွင်း ပိတ်မိနေရာမှ လွတ်မြောက်လာသူ တော့ဒ်ရပ်ဆယ်အား ဆွေမျိုးသားချင်းတစ်ဦး က ဝမ်းသာအားရ ကြိုဆိုနေစဉ်။*(ဓာတ်ပုံ-အင်တာနက်)***

ဘီကွန်စဖီး မေ ၉

မိုင်းတွင်းကယ်ဆယ်ရေးသမားများက ပြိုကျသွားသော ရွှေမိုင်းတွင်းအတွင်း ပိတ်နေသော ကျောက်လွှာထုကို မရပ်မနား ဖောက်ထုတ်ပြီးနောက် မြေအောက် အနက် ပေ ၃၀၀၀ တွင် နှစ်ပတ်ကြာ ပိတ်မိနေသော မိုင်းလုပ်သားကြီးနှစ်ဦးမှာ အသက်ရှင်လွတ်မြောက်လာကြောင်း သတင်းများက ဖော်ပြသည်။

သေကံမရောက် သက်မပျောက်ဘဲ လွတ်မြောက်လာသူ ရွှေမိုင်းတွင်း လုပ်သားနှစ်ဦးမှာ အသက် ၃၇နှစ် ရှိ ဘရန်ဝဘ်ဆိုသူနှင့် အသက် ၃၄နှစ် ရှိ တော့ဒ်ရပ်ဆယ်ဆိုသူတို့ ဖြစ်သည်။ ၎င်းတို့ နှစ်ဦးသည် ကယ်ဆယ်ရေး လုပ်သားများ တွဲထုတ်စရာ မလိုဘဲ ကျန်းကျန်းမာမာဖြင့် မိုင်းတွင်းအဝင်ပေါက်မှ လမ်းလျှောက်၍ ထွက်လာကြသည်ကို တွေ့ကြရသည်။

မိုင်းတွင်းဝတွင် အသင့်စောင့်ကြိုနေကြသော ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများကို ပွေ့ဖက်နှုတ်ဆက်ပြီးနောက် ၎င်းတို့နှစ်ဦးအားဆေးစစ်ဆေးမှုပြုလုပ်ရန် သူနာပြုယာဉ်နှစ်စီးဖြင့်ခေါ်ဆောင်သွားသည်။ ဘီကွန်စဖီးရွှေတွင်းဒေသတွင် ဧပြီ ၂၅ရက်က ငလျင်ငယ်နှစ်ခု လှုပ်သွားပြီးနောက် ဝဘ်နှင့်ရပ်ဆယ်တို့မှာ မိုင်းတွင်းပြိုကျပြီး ပိတ်မိနေခဲ့ကြခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်ကြောင့် အသက် ၄၄နှစ်အရွယ်ရှိ မိုင်းတွင်းလုပ်သား လာရီကင်းဆိုသူမှာ သေဆုံးခဲ့ရသည်။

မိုင်းတွင်းပြိုကျစဉ်က လေးပေအမြင့်ရှိသည့် အရေးပေါ် လုံခြုံရေးသံလှောင်အိမ်အတွင်းဝင်၍ နေနိုင်ခဲ့သည့်အတွက် ဝဘ်နှင့်ရပ်ဆယ်တို့မှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။ ကယ်ဆယ်ရေး လုပ်သားများသည် ၎င်းတို့နှစ်ဦးဆီသို့ ရောက်ရှ ရန် ၄၅ပေကျော်မျှ ထုရှိသော ကျောက်လွှာအပြိုအပျက်များကိုဖောက်၍ သွားခဲ့ကြရသည်။

အင်တာနက်။

ခွာနာလျှာနာရောဂါ ဗီယက်နမ်၌ ပြန့်ပွား

ဟန္ဓိုင် မေ ၁၀

ဗီယက်နမ်နိုင်ငံ ဒေသ ၁၇ ခုတွင် ခွာနာလျှာနာရောဂါ ပြန့်ပွားလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံဆိုင်ရာ စီးပွားရေးတိုင်းစ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

လန်ဒေါင်းပြည်နယ်၌ ဧပြီ ၁၉ ရက်က ရောဂါအခြေအနေ လေ့လာမှုစစ်တမ်းအရ ၎င်းဒေသရှိ ဝက်များကို နမူနာဆေးစစ်တမ်း ကောက်ယူခဲ့ရာ ဝက်နှင့်နွားကောင်ရေ ၂၂၅၀ ခန့်တွင် အိုအမျိုးအစား ခွာနာလျှာနာ ဗိုင်းရပ်စ်ရောဂါပိုး တွေ့ရှိရပြီး လေ့လာမှုပြုစဉ်အတွင်း ဝက်နှင့်နွားကောင်ရေ ၈၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

လန်ဒေါင်းပြည်နယ်၌ ဧပြီလနှောင်းပိုင်းတွင် ဝက်၊ နွားနှင့် ကျွဲကောင်ရေ ၄၀၀၀ ခန့်တို့သည် ခွာနာလျှာနာရောဂါ ကူးစက်ခံရပြီး ၁၅၀၀ ခန့် သေဆုံးခဲ့ကြောင်းသိရသည်။ ထို့အတူ ကွမ်နမ်ခရိုင်တွင်လည်း နွားနှင့်ကျွဲကောင်ရေ ၃၀၀ ခန့်တို့သည် ထိုဗိုင်းရပ်စ်ရောဂါပိုး၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း သိရ သည်။

ဗီယက်နမ်အစိုးရ တာဝန်ရှိသူများကလည်း ပြင်းထန်လာသော ၎င်းရောဂါအား ချက်ချင်း နှိမ်နင်းရန်အတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆော်ဒီအာရေဗျနိုင်ငံ ကမ်းလွန်တွင် ဆိုက်ကပ်ထားသော ရေနံတင်သင်္ဘောများကို မေ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံစိမ်းဈေးနှုန်း ဆက်လက်မြင့်တက်နိုင် ဆော်ဒီအာရေဗျ ရေနံဝန်ကြီး ပြောကြား

ရီယာဒ် မေ ၁၀

စံချိန်တင်လောက်အောင် မြင့်မားနေသည့် ရေနံဈေးနှုန်းများ ယခုဆယ်စုနှစ်အတွင်း မှန်မှန်ဆက်လက် မြင့်တက်နိုင်သည်ဟု မိမိမျှော်လင့်ထားကြောင်း၊ လိုအပ်လာပါက ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း ဆော်ဒီအာရေဗျ ရေနံဝန်ကြီး အလီ-အယ်လ်နိုင်မီက အင်္ဂါနေ့တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ ရေနံချက်နိုင်သည့် စွမ်းအားသည် လာမည့်လေးနှစ်အတွင်း စိုးရိမ်စရာပြဿနာအဖြစ် ဆက်လက် ရှိနေဦးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်ရေးကဏ္ဍတွင် ကြုံတွေ့နေရသည့် အတားအဆီးများကို ဖယ်ရှားရန် အတွက် ရေနံသုံးသည့် နိုင်ငံများနှင့် ရေနံထုတ်သည့်နိုင်ငံများက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ၎င်းက နှိုးဆော်ခဲ့သည်။

ယခုဆယ်စုနှစ်အတွင်း ရေနံဈေးနှုန်းများ သင့်တင့်သည့်ဈေးသို့ရောက်လာမည်ဟုမိမိယုံကြည်ကြောင်း ၎င်းက ဥရောပငွေကြေးညီလာခံတွင် ပြောကြားသည်။ သို့ရာတွင် ရေနံဈေးနှုန်းများမှာ ကြိုတင်ခန့်မှန်းပြောကြားရန် ခက်ခဲလှကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့်လိုအပ် ပါက ရေနံထုတ်လုပ်မှု တိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်း၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရာဇဝတ်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နှင့် ဖိလစ်ပိုင်ရဲတပ်ဖွဲ့ သဘောတူညီ

မနီလာ မေ ၁၀

လက်နက်နှင့်မူးယစ်ဆေးဝါးကုန်ကူးမှု အပါအဝင်ရာဇဝတ်မှုတိုက်ဖျက်ရေး ပိုမိုကောင်းမွန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖိလစ်ပိုင်နှင့်ဂျပန်ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက သဘောတူညီကြကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့ (ပီအင်ပီ)က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

နိုင်ငံတကာ အကူအညီပေးရေး ဂျပန်ရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူးဖြစ်သည့် ရဲထိပ်တန်း တာဝန်ရှိပုဂ္ဂိုလ် ရှီဂျီရူယို တိုရီယာမာက မနီလာမြို့တော်သို့ ရောက်ရှိနေစဉ် ပီအင်ပီရဲချုပ် အာတူရိုလိုမီဘောင်နှင့် တံခါးပိတ်ဆွေးနွေးပြီးနောက် နှစ်နိုင်ငံရဲတပ်ဖွဲ့များပူးပေါင်းဆောင်ရွက်မည့်အကြောင်း ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံရဲတပ်ဖွဲ့များအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စများအပေါ် တိတိကျကျ စူးစမ်းနိုင်ရန်အတွက် ပီအင်ပီနှင့် ဂျပန် အမျိုးသားရဲတပ်ဖွဲ့အတွင်း နည်းပညာဆိုင်ရာ လုပ်ငန်းဖော်ဆောင်ရေးအုပ်စု တစ်ခုဖွဲ့စည်းရန် စဉ်းစားနေကြောင်း လိုမီဘောင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တစ်နိုင်ငံချင်းဆိုင်ရာ ရာဇဝတ်မှုနှင့် ဆက်သွယ်သည့် သတင်းအချက်အလက်များ နှစ်ဖက်အုပ်စုအတွင်း အပြန်အလှန် ဖလှယ်ရေးအတွက် ဂျပန်တာဝန်ရှိပုဂ္ဂိုလ်က အဆိုပြုထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံမြောက်ပိုင်း လူဂုန့်စ်အရပ်ရှိ ကုန်လှောင်ရုံတစ်ရုံ မီးလောင်နေသည်ကို မေ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ လုံခြုံရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို မေ ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စီအိုင်အေ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး စုံစမ်းစစ်ဆေးခံနေရစဉ် ရာထူးမှနုတ်ထွက်

ဝါရှင်တန် မေ ၁၀

အမေရိကန်ဗဟိုထောက်လှမ်းရေးဌာန (စီအိုင်အေ)မှ တတိယအဆင့်မြင့် တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ကိုင်လီဖော့ဂိုသည် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ် ရာထူးမှ နုတ်ထွက်သွားကြောင်း ဒေသခံသတင်း မီဒီယာက အင်္ဂါနေ့တွင် ဖော်ပြသည်။

စီအိုင်အေ ညွှန်ကြားရေးမှူး ပေါ်တာဂေါ့ဇ် သောကြာနေ့က ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ဖော့ဂိုသည် တနင်္လာနေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဂေါ့ဇ်သည် ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်း စီအိုင်အေ အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီးနောက် ဂေါ့ဇ်က ဖော့ဂိုအား စီအိုင်အေ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးမြှင့်ပေးခဲ့သည်။

ကာကွယ်ရေးဌာနအတွက် ကန်ထရိုက်လုပ်ငန်းများကို အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသို့ပေးခဲ့သည့်အမှုတွင် ဖော့ဂိုပါဝင်မှုရှိ၊ မရှိနှင့် ကာလီဖိုးနီးယားပြည်နယ်မှ ဥပဒေပြုအမတ်ဟောင်းတစ်ဦးဖြစ်သည့် ရင်ဒီကာနင်ဟမ်နှင့် ဆက်စပ်မှုရှိ၊ မရှိ နိုင်ငံတော် စုံစမ်းစစ်ဆေးရေးဌာနနှင့် စီအိုင်အေဌာနတွင် စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်သို့ ပြည်ပမှပေးပို့ငွေမြင့်တက်

ဒါကာ မေ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လွှဲပြောင်းပေးငွေ စီးဝင်မှုမှာ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ ဇူလိုင်လမှ ဧပြီလအထိ ကာလအတွင်း ၂၂ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဒေးလီးစတားသတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်သူ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ၏ လွှဲပြောင်းပေးငွေမှာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ ပထမ ၁၀ လာတာကာလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉ ဘီလီယံရှိခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ ဘီလီယံသာရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဗဟိုဘဏ်က ထုတ်ပြန်သည့် စာရင်းများအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နှင့် ဂျော်ဒန်နယ်စပ်တွင် သောင်တင်နေသည့် ပါလက်စတိုင်းဒုက္ခသည် ၂၅၀ ဆီးရီးယားသို့ဝင်ခွင့်ပြု

တာနက်ဖ်(ဆီးရီးယား) မေ ၁၀

ဘဂ္ဂဒက်မြို့တော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားသဖြင့် ထွက်ပြေးခဲ့ပြီးနောက် အီရတ်-ဂျော်ဒန်နယ်စပ်တွင် သောင်တင်နေသည့် ပါလက်စတိုင်းဒုက္ခသည် ၂၅၀ ခန့်သည် ဆီးရီးယားနိုင်ငံအတွင်းသို့ အင်္ဂါနေ့က ဝင်ရောက်ခွင့်ရရှိခဲ့ရာ ရက်သတ္တပတ် ခြောက်ပတ်ကြာ သောင်တင်နေခဲ့သည့်ဖြစ်ရပ်သည် အဆုံးသတ်သွားပြီဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

၎င်းဒုက္ခသည်အုပ်စုမှာ မတ် ၁၉ ရက်ကတည်းက အီရတ်နိုင်ငံအတွင်းရှိ ထရီဘီလ်နယ်စပ် သဲကန္တာရအတွင်းတွင် စခန်းချနေခဲ့ကြခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင် နေထိုင်လျက်ရှိသည့် ပါလက်စတိုင်းဒုက္ခသည် ၃၄၀၀၀ မှ ဒုက္ခသည် အများအပြား ဂျော်ဒန်နယ်မြေအတွင်း ဝင်ရောက်လာမည်ကို စိုးရိမ်မကင်းဖြစ်နေသည်။ ယင်းကြောင့် ဂျော်ဒန်အာဏာပိုင်များက နယ်စပ်ကို ပိတ်ထားခဲ့သည်။ ကလေးငယ်များ ထက်ဝက်ခန့်ပါသည့် ပါလက်စတိုင်းဒုက္ခသည် ၈၉ ဦးသည် ဘဂ္ဂဒက်မြို့မှ ဂျော်ဒန်နယ်စပ်သို့ ဘတ်စ်ကားဖြင့် ထွက်ပြေးလာကြစဉ် ယခုကဲ့သို့ နယ်စပ်ပိတ်ပင်ခံရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ပန်ဒါဝက်ဝံကြီးတစ်ကောင်ကို မေ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှားပါးနေပြီဖြစ်သော ကတ္တဝါတစ်ကောင်ကို အင်ဒိုနီးရှားနိုင်ငံ မုတ်သုံသစ်တောအတွင်း၌ မေ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၉

အီရတ်နိုင်ငံ မိုဆူးလ်မြို့၏ အနောက်ဘက် ကီလိုမီတာ ၇၀အကွာရှိ တယ်လ်အဖာမြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး တနင်္ဂနွေနေ့က ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အမှတ်(၁) သံချပ်ကာ တပ်မ အမှတ်(၁)တိုက်ခိုက်ရေးတပ်မဟာမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ တယ်လ်အဖာမြို့တွင် မေ ၇ ရက်က ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ပြောက်ကျားများက အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်နေသည့် အဆောက်အအုံတစ်ခုကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရာတွင် ကန်တပ်ဖွဲ့ဝင် သေဆုံးရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အများပြည်သူသုံးအဆောက်အအုံအတွင်း ဆေးလိပ်သောက်၍ အရေးယူခံရ

ဘရပ်ဆယ် မေ ၁၀

ဘယ်လ်ဂျီယံနိုင်ငံရှိ အများပြည်သူ သွားလာဝင်ထွက်သည့် အဆောက်အအုံတစ်ခုအတွင်း ဆေးလိပ်သောက်ခဲ့သည့် စွပ်စွဲချက်ဖြင့် ဘယ်ဂျီယံနိုင်ငံသားတစ်ဦးကို ပထမဆုံးအကြိမ် အရေးယူ အပြစ်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဆေးလိပ်သောက်သူသည် ဘယ်လ်ဂျီယံ အနောက်မြောက်ပိုင်းဒေသရှိ ဂင့်မြို့မှ လူငယ်တရားရုံးအဆောက်အအုံအတွင်း ဆေးလိပ်သောက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံ သတင်းမီဒီယာက ဖော်ပြသည်။

၎င်းလူငယ်ကို ဆေးလိပ်သောက်နေသဖြင့် ပြောဆိုရာ ၎င်းက ရန်လိုသည့်ပုံစံဖြင့် တုံ့ပြန်ပြီး စီးကရက်မီးငြိမ်းသတ်ရန် ငြင်းဆန်ခဲ့သည်ဟု ဆိုသည်။ ယင်းသို့ ငြင်းဆန်နေသဖြင့် ၎င်းကို ရုံးသို့ ခေါ်ယူခဲ့ပြီး စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ တရားသူကြီးက ၎င်းကို ၁၄၃ ယူရို (အမေရိကန် ၁၈၂ ဒေါ်လာ) ဒဏ်တပ်လိုက်ပြီး ဆေးလိပ်မသောက်ရန် တားမြစ်မိန့် ချမှတ်ခဲ့သည်။

အင်အင်အေ၊ဆင်ဟွာ။

✳ ကျောဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် တခွန်တိုင်ရှိ နယ်မြေခံတပ်သို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ တပ်မှူး ဗိုလ်မှူးကြီးကျော်တင့်က ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အိမ်ထောင်သည်လိုင်းများ၌ ခြံစည်းရိုးကြက်ဆူပင်နှစ်သောင်းကျော် စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် တံစိုး–မြစ်သားလမ်း မိုင်တိုင် (၁/၇)ရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ကြက်ဆူပင်ပျိုးထောင်ထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးခဲ့ပြီး ပျိုးဥယျာဉ်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ကျောက်ဆည်–တံစိုး–မင်းစု–မြစ်သားလမ်းပိုင်းရှိ မြေ ၂၃ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၂၇၆၀၀ နှင့် ဆည်မြောင်းပေါင်မြေ ၂၉ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၃၄၄၀၀ စိုက်ပျိုးထားရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်ဖြင့် ကျောက်ဆည်–တံစိုး–မင်းစု–မြစ်သားလမ်းအတိုင်း ထွက်ခွာလာကြပြီး မိုင်တိုင်အမှတ်(၃/၀) ကျောက်ဆည်မြို့နယ် မြင်းကဘက်ကျေးရွာအုပ်စု တုံလုံကွင်းရှိ ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်းက မြေ ၂ ဒသမ ၃၁ ဧက ဖော်ထုတ်၍ ကြက်ဆူပင် ၃၀၆၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၄/၅)နှင့် (၄/၆) အကြား၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် မိုင်တိုင်အမှတ် (၇/၃)မှ (၇/၄)အတွင်း လမ်းခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၉/၀)ရှိ မြစ်သားမြို့နယ်အစ၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည် ဆည်အဝင်လမ်းတစ်လျှောက် မြေဧက ၄၀ ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ သစ်တက်ကုန်း ရေလွှဲဆည် ရေသွင်းတံခါး၌ ရောက်ရှိပြီး ယာယီရေတားဆည်အား ပြုပြင်ရန်နှင့် ရေလွှဲမြောင်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများလည်းကောင်း၊ ရေမြောင်းများ ဘေးဝဲ/ယာ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်က ဖွင့်လှစ်ခဲ့သော သစ်တက်ကုန်း ရေလွှဲဆည်အား သွားရောက်ကြည့်ရှု စစ်ဆေးရာ ရေပိုမိုရရှိအောင် ထပ်မံမြှင့်တင်မှုလုပ်ငန်းကို မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးအေးသိန်းက သစ်တက်ကုန်း ရေလွှဲဆည် မြှင့်တင်ခြင်းနှင့် သစ်သားရေတံခါးတုံးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာရှိ တောင်သူ ဦးမြင့်ထူး၏ ရွှေနန်းတော်စပါး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးစိုက်ကွင်းသို့ ရောက်ရှိရာ တောင်သူကိုယ်တိုင် စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပျိုးခင်း၌ ပျိုးကြဲခြင်း၊ စပါးစိုက်ခင်းများ၌ မျိုးသန့်စင်ရန် မျိုးကွဲဖယ်ထုတ်ခြင်းနှင့် မြေဩဇာတိုကာရီ မြေဆွေးကျွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါ စိုက်ကွင်း၌ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် နွေစပါးအဖြစ် မနောသုခ ၆၄ ဒသမ ၄၅ ဧက၊ ရွှေမြန်မာ ၁၂ ဒသမ ၃၅ ဧကနှင့် ရွှေသွယ်ရင် ၁၁ ဒသမ ၂၅ ဧကစိုက်ပျိုးပြီး မျိုးသန့်များ ထုတ်လုပ်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၈၃)နှင့် (၃၈၄) အကြား ကုက္ကိုစုကျေးရွာအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒေသခံပြည်သူ ၆၀၀၀ ကျော်တို့က ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ ကို ရန်ကုန်–မန္တလေး လမ်းဘေးဝဲ/ယာတစ်လျှောက်၌ စုပေါင်းစိုက်ပျိုးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကုက္ကိုစု ကျေးရွာကွင်းအမှတ် (၅၁၀–က)ရှိ စိုက်ဧက ၁၀ ဧက၌ တောင်သူ ဦးမောင်သန်း စိုက်ပျိုးထားသည့် ငွေချည်–၂ ဝါမျိုး၊ မိုးကြိုချည်မျှင်ရှည်ဝါ စံပြကွက်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်ဆွေနှင့် မြစ်သားမြို့နယ် မန်နေဂျာ ဒေါ်စန္ဒာလင်းတို့က မန္တလေးတိုင်းနှင့် မြစ်သားမြို့နယ်တို့၌ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးထားသော မျိုးသန့်ဝါများ ထွက်ရှိမှုအဆင့်ဆင့် ခင်းကျင်းပြသထားမှုနှင့် မိုးကြိုချည်မျှင်ရှည်ဝါ စံပြကွက်ကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြေပြင်အတတ်သင် လေတပ်စခန်း မြစိမ်းရောင် အထူးအထွက်ကောင်းစပါး စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၃၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး ၁၃၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ပြီးစီးမှုမှာ ၁၀၀ ဒသမ ၅၇ ဧက ဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်–မန္တလေးလမ်း မိုင်တိုင် အမှတ် (၃၆၆/၃)မှ (၃၆၆/၆)ထိ ဆည်မြောင်းဦးစီးဌာန(ကင်းတား)မှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး ဆည်ပေါင်များ၊ လမ်းဘေးဝဲ/ယာတစ်လျှောက်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိ မြေလွတ်များ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်နှင့် ဆည်စံပြ၊ မြို့စံပြနှင့် ကျေးရွာစံပြများဖြစ်အောင် ဆောင်ရွက်ရေးအတွက် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၅၁/၂)အနီး ဝမ်းတွင်း–သာစည်–မိတ္ထီလာ နယ်စပ်ဆုံ၌ ကျင်းပသည့် မိတ္ထီလာခရိုင် ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်က မိတ္ထီလာခရိုင်၌ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားကာ တာဝန်ရှိသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀၀၀ ကျော်တို့၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် သပြေဝမှ လျှော်ပင်ကျေးရွာအကြား ရန်ကုန်–မန္တလေး လမ်းမကြီး လမ်းဘေးဝဲ/ယာတစ်လျှောက်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိက စိုက်ခင်းအသီးသီးသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာအနီးရှိ တော်ဝင်ကုမ္ပဏီမှ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူ ဧက ၁၇၀ စိုက်ခင်းအား ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မိတ္ထီလာခရိုင်အတွင်း ခရိုင်အဆင့်ဌာနဆိုင်ရာ အသီးသီး၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်–မန္တလေးလမ်း (၃၅၁/၆)ရှိ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးမြင့်စိုး (တိုက်ဂါးသောက်ရေသန့်)၏ ခြံစည်းရိုးကြက်ဆူ ငါးဧက စိုက်ခင်းအခြေအနေ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်ခင်အုန်းမြင့်၏ ခြံစည်းရိုးကြက်ဆူ ငါးဧက စိုက်ခင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးဝင်းသိန်း၏ ခြံစည်းရိုးကြက်ဆူ ၂၅ ဧက စိုက်ခင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု၊ စပ်ခင်းပေါက်ကျေးရွာ မျိုးသန့်စံပြရွာ ကွင်းအမှတ် (၆၁၂)၌ တောင်သူ ၄၉ ဦးတို့က လယ်မြေ ၁၃၃ ဧက၌ နွေစပါး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်ဝင်းက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ်၏ ၂၀၀၆ ခုနှစ် မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဦးကျော်က မိုးရာသီခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးချုပ်ခင်မောင်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်အရာရှိ၊ စစ်သည် မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်း စိုက်ပျိုးကြသည်။ အဆိုပါစိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၄၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ကျန်ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မြေပြင်အတတ်သင်လေတပ်စခန်း မြစိမ်းရောင် အထူးအထွက်ကောင်းစပါး စမ်းသပ်စိုက်ခင်း၌ နွေစပါးရိတ်သိမ်းခြွေလှေ့ခြင်းကို ကြည့်ရှုစစ်ဆေးရာ လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ စပါးစမ်းသပ်စိုက်ခင်း၌ မြစိမ်းရောင် ၁၀ ဧကနှင့် မနောသုခ ၁၅ ဧကတို့ကို စိုက်ပျိုးခဲ့ပြီး ယခု ရိတ်သိမ်းခြွေလှေ့သည့် မြစိမ်းရောင်စပါးမှာ တစ်ဧကအထွက်နှုန်း တင်း ၁၃၀ ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အဖွဲ့ဝင်များနှင့်အတူ လေတပ်စခန်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၁၅/၀)၌ ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြေ ၃ ဒသမ ၅ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၄၂၀၀ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၃၀၀/၅)၌ ရမည်းသင်းမြို့နယ် စုပေါင်းခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ စိုက်ခင်းမြေ ၁၂ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၁၄၄၀၀ ကို စိုက်ပျိုးထားရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် နေပြည်တော်မြို့တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၅–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ မျှော်လင့်စောင့်စား ဂျာမနီ ကမ္ဘာ့ဖလား
၆:၄၀	၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၅၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၃၉)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ Goals Show
	၂၁။ စိုက်ပျိုးသုတ
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်လေး" (အပိုင်း–၂)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

☆ **ရှေ့ဖုံးမှ**

ယင်းနောက် ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား သကျမာရဇိန်စေတီတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိုးမြင့်က တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ သက္ကမိုးနတ်မင်းကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းဇင် အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တပ်မတော် (လေ) မြလေယာဉ် ထီးတော်တင်အဖွဲ့နှင့် စေတီတော် တည်ထားကိုးကွယ်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ များကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် သကျမာရဇိန်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို အခမ်းအနားအစီအစဉ်များ အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီးနောက် ဆရာတော်ကြီး များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် တော်မူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဦးကြိုင်စန်းရွှေနှင့် ဇနီးမိသားစု၊ ဦးကျော်ညွှန့်နှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ် များသည် စေတီတော်ပရိဝုဏ်ရှိ ဗောဓိပင်အား ရေစင် သွန်းလောင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြ ပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းမိသားစုက လှူဒါန်းသော ငှက်မြတ်နားတော်ကို ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဦးကျော်ညွှန့်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သကျမာရဇိန် စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဦးကြိုင်စန်းရွှေနှင့် ဦးကျော်ညွှန့်တို့ စေတီတော်အထွတ်၌ စိန်ဖူးတော်ကို တင်လှူ ပူဇော်ကြစဉ်။ (သတင်းစဉ်)

သကျမာရဇိန်စေတီတော်ပရိဝုဏ်ရှိ ဗောဓိပင်အား ဦးကျော်ညွှန့် ညောင်ရေသွန်းလောင်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

တောင်ကြီးမြို့နယ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၉ရက်တွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်မွှေရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် များနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားကိုဖွင့်လှစ်၍ နိုင်ငံတော်ဩဝါဒါ စရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်ကြီး မြို့ သိမ်တောင်ကျောင်းတိုက် ဆရာ တော် ဘဒ္ဒန္တဆန္ဒာဓိကထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြပြီး ဆရာ တော်ကြီးများက မေတ္တာသုတ် ပရိတ် တရားတော်ကို ဖွားများကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က သာသနာရေး ဆိုင်ရာလျှောက်ထားသည်။ ဆက်လက် ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးနှင့် အကြည်ညိုခံ ဆရာတော် ၁၁ပါးတို့အား တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် နှင့် တိုင်းဦးစီး အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီး အကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ တပ်ဦးဥတ္တရာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာသီရိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကာ အခမ်းအနား ကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကြပြီး ရုပ်သိမ်းလိုက် သည်။ (သတင်းစဉ်)

▶ **ပန်းမန်ပို့ကုန်မှ**

အီသီယိုပီးယားနိုင်ငံ၏ စီးပွားရေးတွင် ကော်ဖီစိုက်ပျိုး တင်ပို့ရောင်းချ သည့်လုပ်ငန်းသည် အဓိကနိုင်ငံခြားဝင်ငွေရသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ထိုနိုင်ငံ၏ စီးပွားရေးသည် ကော်ဖီထွက်ကုန်အပေါ် မှီခိုနေရသော စီးပွားရေးပင်ဖြစ်သည်။ ယခုအခါ ပို့ကုန်တစ်မျိုးတည်းအပေါ် မှီခိုအားထားနေရသည့်အခြေအနေမှ ပို့ကုန်အမယ်သစ်ဖြစ်သော ပန်းမန် ပို့ကုန်ဘက်သို့ ဦးတည်လာခြင်းပင်ဖြစ်သည်။

ယမန်နှစ်က အီသီယိုးပီးယားနိုင်ငံသည် ပန်းမန်ပို့ကုန်မှဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၂၀ ရရှိခဲ့ပြီး ကော်ဖီပို့ကုန်မှရသောဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၃၄ သန်းဖြစ်ရာ ပန်းမန်ပို့ကုန်မှရသောဝင်ငွေသည် များစွာနည်းပါးနေသေး သည်။

သို့ရာတွင် ပန်းမန်ပို့ကုန်များ၏ တိုးတက်နှုန်းသည် နှစ်စဉ် အားကောင်း ကောင်းနှင့် တိုးတက်လျက်ရှိရာ လာမည့်နှစ်အနည်းငယ်အတွင်း ကော်ဖီပို့ကုန်ကဲ့သို့ အရေးပါလာနိုင်သည်ဟု ခန့်မှန်းထားကြသည်။ ပို့ကုန်အမယ်တစ်မျိုး တိုးလာ သည့်အတွက် ယခင်က ကော်ဖီဈေးကျလျှင် နိုင်ငံ၏စီးပွားရေးကို ထိခိုက်ရသည့် အဖြစ်မျိုးမှ အတော်အတန် သက်သာနိုင်သည်ဟုဆိုသည်။

အီသီယိုးပီးယားနိုင်ငံ၏ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်မှ တာဝန်ရှိသူများကလည်း အားပေးသည်။ ဥယျာဉ်ပန်းခြံစိုက်ပျိုး ရင်းနှီးလုပ်ကိုင် သူများကို ငါးနှစ်အခွန်ကင်းလွတ်ခွင့် ပေးသည့်အပြင် မြေယာများကိုလည်း ငှားရမ်းဝယ်ယူလုပ်ကိုင်ခွင့်ပြုသည်။ မြေတစ်ဟက်တာလျှင် ငှားရမ်းခ တစ်နှစ်လျှင် ၁၈ဒေါ်လာသာ ကောက်ခံပြီး စိုက်ပျိုးရေးပစ္စည်းကိရိယာများ တင်သွင်းလျှင်လည်း အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုသည်။

ထိုသို့ဆွဲဆောင်မှုများပေးသဖြင့် ယခုအခါ ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင် သူများသာမက နယ်သာလန်၊ ဂျာမနီ၊ အိန္ဒိယနှင့် အစ္စရေးနိုင်ငံများကပါ လာရောက်ရင်းနှီးလုပ်ကိုင်သူများ ရှိလာပြီဖြစ်သည်။ **အင်တာနက်။**

ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ကျင်းပ

ရန်ကုန် မေ ၁၁

သာသနာရေးဝန်ကြီးဌာန အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း နည်းပြ ဆရာတော် ဘဒ္ဒန္တပညာသာမိ (မာဂဓီ–သာစည်)ဆရာတော် ဦးဆောင် သော သင်တန်းသား၊ သင်တန်းသူ များသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်း မဟာ သိမ်တော်ကြီး၌ ကဆုန်လပြည့် (ဗုဒ္ဓ အခါတော်နေ့) အခမ်းအနားကို ကျင်းပ သည်။

ရှေးဦးစွာ မဟာဗောဓိ ဘုရားရှိခိုး ဂါထာတော်ကို သင်တန်းသူ မအေးအေးအောင်က ရွတ်ဆိုပူဇော်ပြီး မြန်မာပြည်ရှိ ထင်ရှားသော ဗောဓိပင် များအကြောင်းကို သင်တန်းသူ မဝင်းဝင်းဆွေက ဖတ်ကြားတင်ပြ သည်။

ထို့နောက် အောင်ပဏာမနှင့် အောင် ဆုတောင်းဂါထာကို သင်တန်းသူ မသဥ္ဇာဟိန်းက ရွတ်ဆိုပူဇော်ပြီး မတင်စံပယ်လှိုင်နှင့် မစိုးစိုးခိုင်တို့က ဦးဆောင်၍ သင်တန်းသား၊ သင်တန်း သူအားလုံးက ကဆုန်လပြည့် (ဗုဒ္ဓနေ့ အကြောင်း) သိကောင်းစရာများကို လည်းကောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် ဂါထာတော်များကို လည်းကောင်း၊ပဋိစ္စသမုပ္ပါဒ်အနုလောမ နှင့် ပဋိလောမဒေသနာကို ပါဠိ–မြန်မာ နှစ်ဘာသာဖြင့် လည်းကောင်း၊ ကဆုန် လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ ကဗျာများကို သင်တန်းသူ မသန္တာအောင်က လည်းကောင်း ဖတ်ကြားပူဇော်ကြ သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူအားလုံးက ညောင်ရေအိုး ကိုယ်စီဖြင့် စီတန်းလှည့်လည်ကာ ကမ္ဘာ အေးလိုဏ်ဂူတော်အနီးရှိ သာသနာရေး ဝန်ကြီးဌာန ကုသိုလ်တော် ဗောဓိ ညောင်ပင်၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆–ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ကျင်းပ ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် စည်ကား

ရန်ကုန် မေ ၁၁

ယနေ့သည် ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူသော စကားနှင့်အညီ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်သော ဂေါတမဗုဒ္ဓအမည်ဖြင့် ဘုရားစင်စစ် ဧကန် ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း၊ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့တွင် ဂေါတမ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဗောဓိပင်ရင်း၌ ဂေါတမဘုရားအလောင်းတော်သည် သစ္စာလေးပါးကိုသိမြင်တော်မူ၍သဗ္ဗညုတဘုရားရှင်အဖြစ်သို့ရောက်ရှိတော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသည့် အလွန်ထူးခြားသည့် ဗုဒ္ဓ၏မှတ်တိုင်ကြီးလေးခုကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး (၂၃)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းက ဗောဓိရုက္ခဥဒကပူဇာ မင်္ဂလာစကားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဩဝါဒါစရိယ သံဃာတော်အရှင်သူမြတ်တို့က မဟာဗောဓိပင်အား ရေစင်သွန်းလောင်း ပူဇော်ကြသည်။

ထို့အတူ ဆူးလေစေတီတော်၏ ၁၃၆၈ ခုနှစ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို နံနက် ၉ နာရီတွင် စေတီတော် မဟာဗောဓိပင်၌ကျင်းပရာ ရှေးဦးစွာမဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ဗောဓိညောင်ပင် ရေသွန်းလောင်း

ထို့အတူ "ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ခဏ္ဍိက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ" စာဆိုနှင့်အညီ ဖွားဖက်တော် ခုနစ်ပါးတွင် အပါအဝင်ဖြစ်သည့် ဗောဓိညောင်ပင်ကို အမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်တို့ကို ရတော်မူခဲ့သည်။

ကဆုန်လသည်နွေဥတု၏အလယ်ဗဟိုကျရောက်သော နွေလယ်လဖြစ်သည်နှင့်အညီ ပြင်းထန်သည့် အပူရှိန်ကြောင့် သစ်ပင်များ နွမ်းလျော်ညှိုးခြောက်သော အခြေသို့ရောက်ကြရသည်။

ဗုဒ္ဓဘာသာဝင်တို့က မိမိတို့ အထွတ်အမြတ်ထားသည့် ပရိဘောဂစေတီထိုက်သော ဗောဓိပင်များ မညှိုးနွမ်းဘဲ အစဉ်ထာဝရ စိမ်းလန်းစိုပြည် ရှင်သန်နေစေရန်ဟူသော မွန်မြတ်

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။
(ကြေးမုံ)

သော ရည်ရွယ်ချက်ဖြင့် နံ့သာရေစင်တို့ဖြင့် သွန်းလောင်းခဲ့ရာမှ မြန်မာတို့၏ ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ညောင်ရေသွန်းပွဲတော်ဖြစ်ပေါ်ခဲ့ပြီး ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင်ပွဲနှင့်မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲတို့ကို မြန်မာနိုင်ငံတစ်ဝန်း၌ ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) (၂၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်တွင် ဘုရားဖူး ကုသိုလ်ယူသူများဖြင့် စည်ကားနေစဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ဩဝါဒါစရိယ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်နှင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ဇနီး၊ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကိုညနေ ၃ နာရီတွင် စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်ထံမှ ဧရာဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မဟာဗောဓိပင်၌ သံဃာတော်အရှင်သူမြတ်တို့ကမဟာဗောဓိဥဒကသိဥ္စန ပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော် အရှင်သူမြတ်များကြီးမှူး၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ညပိုင်းအထိ ပရိဘောဂစေတီဖြစ်သော မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီ(ရန်ကုန်)၏ အဌမအကြိမ် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော်၏ ပရိဝုဏ်အတွင်း တောင်ဘက်မုခ်ရှိ မဟာဗောဓိပင်၌ ကျင်းပရာ ရှေးဦးစွာ စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြတ်လှက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြတ်စွာဘုရားကိုယ်စားထားတော်မူခဲ့သော မဟာဗောဓိပင် (ပရိဘောဂစေတီ)အား ဦးအောင်ဒင်က ရှိခိုးဝန္ဒနာပူဇော်ပြီး စွယ်တော်မြတ်စေတီဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်တို့က မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရန်ကုန်မြို့ ဓမ္မရက္ခိတ ကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာဝိဇယစေတီတော်၏ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ အကြိမ်(၂၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးတွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ညောင်ရေသွန်းပွဲတော်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ၁၄ မြို့နယ်ဥက္ကဋ္ဌများ ဗောဓိညောင်ပင်တွင် ရေသွန်းလောင်းပူဇော်ကြစဉ်။ (၃၂)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်း ကမ္ဘာအေးလိုဏ်ဂူတော်အနီးရှိ သာသနာရေးဝန်ကြီးဌာန ကုသိုလ်တော်ဗောဓိညောင်ပင်၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းမှ သင်တန်းသူကလေးများ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

သည့် ဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့တို့က မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဝတ္တကမြေအတွင်းရှိတနင်္ဂနွေထောင့်၌ တည်ထားအပူဇော်ခံမည့် (ဗုဒ္ဓမြတ်စွယ်တော်) စွယ်တော်ရှင်ဆုတောင်းပြည့် မဂ္ဂင်ဓမ္မစေတီတော်အား ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ကျင်းပရာ နိုင်ငံတော်

ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့်ဇနီး၊ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကိုညနေ ၃ နာရီတွင် စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘိတ အရှင်သူမြတ်ထံမှ ဇရာဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မဟာဗောဓိပင်၌ သံဃာတော်အရှင်သူမြတ်တို့ကမဟာဗောဓိဥဒကသိဥ္စန ပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များကြီးမှူး၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ညပိုင်းအထိ ပရိဘောဂစေတီဖြစ်သော မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီ(ရန်ကုန်)၏ အဋ္ဌမအကြိမ် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော်၏ ပရိဝုဏ်အတွင်း တောင်ဘက်မုခ်ရှိ မဟာဗောဓိပင်၌ ကျင်းပရာ ရှေးဦးစွာ စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြတ်လှက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြတ်စွာဘုရားကိုယ်စားထားတော်မူခဲ့သော မဟာဗောဓိပင် (ပရိဘောဂစေတီ)အား ဦးအောင်ဒင်က ရိုခိုးဝန္ဒနာပူဇော်ပြီး စွယ်တော်မြတ်စေတီဂေါပကအဖွဲ့ဝင်များနှင့် ဒါယကာ ဒါယိကာ ပရိသတ်တို့က မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရန်ကုန်မြို့ ဓမ္မရက္ခိတ ကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာဝိဇယစေတီတော်၏ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ အကြိမ်(၂၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် အဆိုပါ စေတီတော်အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်နှင့်ဂေါပကအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား ပဉ္စမအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ညနေ ၃နာရီတွင် အဆိုပါမဟာဗောဓိပင်၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရိုန်အောင်ဗိုလ်က မဟာဗောဓိပင် ညောင်ရေသွန်းလောင်းဗုဒ္ဓါဘိသေကဂါထာကိုရွတ်ဆိုပူဇော်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် (၂၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပစဉ်။ (ကြေးမုံ)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) အခမ်းအနားကို နံနက်ပိုင်းတွင်ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါ စေတီတော်ရင်ပြင်၌ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ပရိဝုဏ်ရှိ ကျောင်းတိုက်ခြောက်တိုက်မှ ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းကပ်လှူကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့နောက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန်နှင့် အဖွဲ့ဝင်များ၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များက ရွှေဘုန်းပွင့်စေတီတော် ရင်ပြင်ရှိဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ အချိုရည်များ တိုက်ကျွေးကုသိုလ်ပြုကြသည်။

မင်္ဂလာတောင်ညွန့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ မဟာဝိဇယစေတီတော်အတွင်းရှိ ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်း ပူဇော်ကြစဉ်။ (သတင်းစဉ်)

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်း မင်္ဂလာအခမ်းအနားကို နံနက်၉ နာရီတွင် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရွှေလက်ကောက်ကျောင်း ဆရာတော် ဘဒ္ဒန္တဇဋိလ အမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒါယကာ ဒါယိကာ ပရိသတ်တို့ တက်ရောက်ကြည်ညိုကြသည်။

သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဇဟိုမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစန်းဝေက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးဖေက ကဆုန်ညောင်ရေ သွန်းလောင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်၊ အတွင်းရေးမှူး ဗိုလ်မှူး မောင်မောင်အေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် စေတီတော်ဝေယျာဝစ္စအသင်း၁၄သင်းတို့မှ အသင်းဝင်များက ဒေဝါဝင်း၊ ရာဇာဝင်းခင်းကျင်းကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

သာသနာရေးဝန်ကြီးဌာန ကဆုန်ညောင်ရေသွန်းပွဲတော်ကို နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက်ဝင်းအတွင်းရှိ မဟာဗောဓိပင်၌ ကျင်းပရာသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ကြည်က မဟာဗေဓိဒုမေနာထောဂါထာကို ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သာသနာရေးဦးစီးဌာနမှ အကြံပေးအရာရှိ ဒေါ်ခင်နွဲ့ဟန်ကြည်က ကဆုန်လပြည့်နေ့အကြောင်း စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ထွေးက မဟာဗောဓိပရိဘောဂ စေတီတော်မြတ်အားညောင်ရေတော်သွန်းလောင်းပူဇော်သည့်ဂါထာကို ဖတ်ကြားပြီး ကိုရီးယား - မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဆရာတော် Ven. Mok Tak၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့ဝင်များက မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်း မင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဇမ္ဗူဒီပကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ဝင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသထံမှ ဒါယကာ ဒါယိကာ ပရိတ်သတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရာဇာဝင်း၊ ဒေဝါဝင်း ခင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ အမှူးပြုသော ဒါယကာ ဒါယိကာ ပရိသတ်တို့က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းအတွင်းရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)နှင့် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်းအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝင်းအတွင်းရှိ အေးချမ်းအောင်မြင် စေတီတော်၌ ကျင်းပရာ ရှေးဦးစွာဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရိုန် (အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ ဘိုးဘွားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာကြသူများက ဗောဓိပင်များကို စေတီတော်မှ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ စိုက်ပျိုးမည့်နေရာသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဘိုးဘွားများ၊ ဝန်ထမ်းများ နှင့်တက်ရောက်လာကြသူများက ဗောဓိပင်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အတူ မိုးကောင်းဘုရား၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် မယ်လမုစေတီတော်တို့၌လည်း ဂေါပကအဖွဲ့များကကြီးမှူး၍ ဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်ကာ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများက ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ မဟာဗောဓိ ညောင်ရေ သွန်းလောင်းပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အတူ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ ဘုရားကျောင်းကန်များ၌လည်း ညောင်ရေသွန်း အခမ်းအနားများ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ အခမ်းအနားများနှင့် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘာဝနာတရား ပွားများအားထုတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့ မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဗိမာန်တော်ကြီးတည်ဆောက်ရေးမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျိုက်ထိုတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက်ကြသည်။

ကျိုက်ထိုမြို့ မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြို့နယ် သာသနာ့ဗိမာန်တော်ကြီး ရှင်းလင်းဆောင်တွင် သာသနာ့ဗိမာန် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် ရတနာအုတ်များနှင့် ရတနာကြုတ်တို့ကို သတ်မှတ်နေရာအလိုက် စီသွင်းပေး၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက်ပေါလော မုံ့ရှင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားဓမ္မာရုံတွင်ကျင်းပသည့် မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒါယကာ ဒါယိကာ ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး ကျိုက်ထိုမြို့ လေသာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီးတာဝန်ရှိသူများနှင့်အတူ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်ဦးအေးအောင်တို့က လက်ခံယူကြသည်။

ဆက်လက်၍ အလှူရှင်များက မတည်အလှူငွေ ကျပ်သိန်း ၁၀၀ ကို အလှူရှင်များကိုယ်စား ဦးခွန်ဖေမိသားစုကလည်းကောင်း၊ အလှူရှင်များကလှူဒါန်းငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ကျိုက်ထိုမြို့ လေသာကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက်ပထမအကြိမ်အဖြစ် အလှူရှင်များက အလှူငွေစုစုပေါင်းငွေ ကျပ် ၄၂၈ သိန်းကို လှူဒါန်းကြောင်းသိရှိရသည်။ အခမ်းအနားအပြီးတွင် သြဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

12-5)09.P65 1 1/3/32, 7:06 AM

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❀ **ဒေသမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် မေ ၁၀ရက် နံနက် ၇နာရီတွင် တောင်ငူတပ်နယ်၌ ကျင်းပသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြစည်းရိုးကြက်ဆူပျိုးပင် တစ်သိန်း နှစ်သောင်း ပေးအပ်ပွဲနှင့် ကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးသော်တာက ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုဆောင်းရရှိမှု၊ ပျိုးထောင်ထားရှိမှုများနှင့် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပျိုးပင်များပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့မှူးများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီးတို့က ကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးကြသည်။

ထို့နောက် အရာရှိ၊ စစ်သည်မိသားစုများက ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် ခြံစည်းရိုးကြက်ဆူပင်များကို စီမံချက် ချမှတ်စိုက်ပျိုးလျက်ရှိရာ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၇–၂၀၀၈ခုနှစ်၌ ဧက ၁၀၀၀၀ စုစုပေါင်းဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၈ခုနှစ်တွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုအထိ ခြံစည်းရိုးကြက်ဆူပင် ဧက ၄၅၀ စိုက်ပျိုးပြီးဖြစ်ကာ မျိုးစေ့ဧက ၁၅၀၀နှင့် ပျိုးထောင်ပြီးအပင် ၂၅၀၀ စုစုပေါင်းဧက ၄၀၀၀ အတွက် ပျိုးပင်ပေါင်း ၄၈သိန်း ပျိုးထောင်ထားရှိပြီး ယခုကာလတွင်အပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်း စိုက်ပျိုးရေးအတွက် တပ်ရင်းတပ်ဖွဲ့များအပြင် ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း တစ်တပ်တစ်အား စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီခွဲတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးနှင့် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းတို့က သက်ဆိုင်ရာ ခရိုင်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးရန် လျာထားချက်၊ ပဲ နှင့် သီးနှံမျိုးစုံ စိုက်ပျိုးမှု၊ ကြက်ဆူပင်များ စိုက်ပျိုးမှုတို့နှင့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆန်စပါးနှင့် ဆီအထွက်နှုန်း၊ ဝမ်းစာဖူလုံမှု၊ ကြက်ဆူပင်များ စိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀မျိုး၊ အမယ်သစ်သီးနှံသုံးမျိုးနှင့် နှစ်ရှည်ပင်သုံးမျိုး စိုက်ပျိုးမှု၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးဧကနှစ်သိန်း တိုးချဲ့၍ ပဲခူးတိုင်းတစ်တိုင်းလုံး မိုးစပါးဧကသိန်း ၃၀ပြည့်မီအောင် စိုက်ပျိုးမည့် စီမံချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

စေတနာထားကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ လူနေမှုဘဝမြင့်မားစေရန်ဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း အောက်ခြေဆင်းပြီး ပြည်သူများနှင့်လက်တွဲကာ ဌာနအလိုက် မိမိတို့သက်ဆိုင်ရာတာဝန်များကို စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြုကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ဦးဆောင်နေသော တိုင်း(၆)တိုင်းတွင် တစ်တိုင်းအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ယခုထက်ပိုမို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ယခု သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအရ စိုက်ပျိုးရေးကဏ္ဍတွင် လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ထိုအောင်မြင်မှုများကို ထိန်းသိမ်း၍ ပိုမိုတိုးတက်အောင်မြင်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့ဒေသအတွက် ဝမ်းစာဖူလုံမှုရရှိနေသည်ကို တင်းတိမ်ရောင့်ရဲမနေဘဲ ပြည်တွင်းဖူလုံမှုရရှိစေရန်သာမက ပြည်ပသို့ တင်ပို့နိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန် ဆန်စပါးသာမက အဓိက သီးနှံ ၁၀မျိုး၊ အမယ်သစ်သီးနှံသုံးမျိုးနှင့် နှစ်ရှည်ပင်များစိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသ၏ ရေ၊ မြေ သဘာဝ၊ ရာသီဥတုတို့နှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သွားကြရန် အရေးကြီးကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အောက်ခြေအထိဆင်း၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြ ရမည်ဖြစ်ကြောင်း။

လျာထားချက်ကျော်အောင်စိုက်ပျိုး

နိုင်ငံတော်က စီမံချက်ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသော ဇီဝလောင်စာဆီထုတ်ယူအသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် လောင်စာဆီလိုအပ်မှုများကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဆူပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ဦးချင်း၊ မိသားစုများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့များအလိုက် စိုက်ပျိုးနိုင်သလောက် တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အဓိကအားဖြင့် နိုင်ငံတော် အေးချမ်းသာယာတည်ငြိမ်ရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများသည် လိုအပ်ချက်များဖြစ်ကြောင်း။

အဆိုပါ အဓိကလိုအပ်ချက်ပြည့်စုံစေရန် နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်လျက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း၊ မြို့များကိုသာမက နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများကိုပါ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်တစ်ဝန်းအကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအားလုံးကလည်း ဟန်ချက်ညီညီ တက်တက်ကြွကြွ တာဝန်ကျေပွန်စွာ ကြိုးစားဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ မိမိအနေဖြင့် အထူးမှာကြားလိုသည်မှာ ယခုနှစ်တွင် ပဲခူးတိုင်း၌ နွေစပါးစိုက်ဧက လေးသိန်း၊ မိုးစပါးစိုက်ဧက သိန်း ၃၀စိုက်ပျိုးရန် လျာထားရာ မိုးရာသီစတင်ရောက်ရှိလာပြီဖြစ်၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက လျာထားချက် ပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့မှ ၁၂မိုင်အကွာ ထုံးဘိုကျေးရွာအနီး၌ ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူတည်ဆောက်မည့် သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ယာယီရှင်းလင်းမဏ္ဍပ်၌ ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး (၃)မှ ညွှန်ကြားရေးမှူး ဦးတင့်လွင်က စီမံကိန်းတည်နေရာနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန်နှင့် အချိန်မီ စနစ်တကျပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရေး မှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှုရပ်မှ တမံတည်ဆောက်မည့်နေရာနှင့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့် နေရာများကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ပြီးစီးသွားပါက တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၄၀ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်း ၆၇၀ ထုတ်လုပ်အသုံးပြုသွားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က မြေရိုင်းဧက ၂၀၀၀ကို ဖော်ထုတ်၍ စိုက်ပျိုးလျက်ရှိသော ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းသို့ရောက်ရှိကြရာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြုံးချိုက စပါး၊ ကြံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးရန် လျာထားမှုနှင့် ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုများကိုရှင်းလင်းတင်ပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရွေးချယ်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြေလွတ်မြေလပ်မှန်သမျှ တဧကမျှ မကျန်အောင် တိုးချဲ့ဖော်ထုတ်စိုက်ပျိုးသွားကြရေး၊ ရာသီအလိုက် ဖြစ်ထွန်းအောင်မြင်မည့် သီးနှံများ၊ နှစ်ရှည်ပင်များ ရွေးချယ်စိုက်ပျိုးသွားကြရေးနှင့် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှုရပ်မျှော်စင်မှ မြေလွတ်မြေရိုင်းများ ဖော်ထုတ်နေမှု၊ စိုက်ပျိုးနေမှုများကိုကြည့်ရှုရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြသကြသည်။

ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းသည် ရန်ကုန်–မန္တလေး ကားလမ်းမကြီး အနီးရှိ ကျွန်းကုန်းကျေးရွာအုပ်စုနှင့် ဒိုးအင်းကျေးရွာအုပ်စုကြား၌တည်ရှိပြီး မြေလွတ်မြေရိုင်း ဧက ၂၀၀၀ကျော်ကို ဖော်ထုတ်၍ ယခုနှစ်တွင် ကြံစိုက်ဧက ၉၀၀ကျော်နှင့် စပါးဧက ၄၀၀ကျော် စုစုပေါင်း ဧက ၁၃၀၀ကျော်ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ကျန်ဧကများကို စပါးနှင့် ကြံသီးနှံတို့ကို ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညနေပိုင်းတွင် နေပြည်တော်မြို့တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ဘီလိုင်စင် ဘောလုံးနည်းပြသင်တန်းဆင်း

ရန်ကုန် မေ ၁၁

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် တတိယအကြိမ် ဘီလိုင်စင်ဘောလုံးနည်းပြဆရာ သင်တန်းဆင်းပွဲကို ယနေ့ညနေ ၅နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ အာရှဘောလုံးအဖွဲ့ချုပ် သင်တန်းနည်းပြဆရာ Mr. Rovert Lim Lee Huat က အမှာစကားပြောကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းနည်းပြဆရာအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ သင်တန်းနည်းပြ Mr. Rovert Lim Lee Huat က ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အတွင်းရေးမှူး ဦးတင်အောင်တို့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ၎င်းနောက် ဧည့်သည်တော်များနှင့် သင်တန်းမှ နည်းပြဆရာများ၊ သင်တန်းသားများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဘီလိုင်စင် ဘောလုံးနည်းပြဆရာသင်တန်းကို ဧပြီ ၂၀ရက်မှ မေ ၁၁ရက်ထိ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း ၂၂ဦး တက်ရောက်ခဲ့ကြသည်။(ကြေးမုံ)

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများအား ဘီလိုင်စင်ဘောလုံးနည်းပြဆရာ သင်တန်းမှ နည်းပြဆရာ၊ သင်တန်းသားများနှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌စာကြည့်တိုက်ရှိသောနိုင်ငံမှာ မိမိတို့နိုင်ငံဖြစ် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း

ရန်ကုန် မေ ၁၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၅၅ တိုက် ဖွင့်လှစ်ပြီးစီးမှုနှင့် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ်စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမဥ္ဇကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့်အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်သိန်း ၁၃၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသောနိုင်ငံမှာ မိမိတို့နိုင်ငံ ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော် ဂုဏ်ကျက်သရေတစ်ခု ဖြစ်သော ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေ၊ ပစ္စည်းနှင့် စာအုပ်၊စာစောင်များပေးအပ်လှူဒါန်းကြသောအလှူရှင်များအား ကောင်းမြတ်သော အသိပညာဗဟုသုတများ တိုးပွားရရှိပါစေကြောင်းနှင့် ဆုမွန်ကောင်းတောင်းရင်း စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း စောင့်ရှောက် ထိန်းသိမ်းကြရန် တိုက်တွန်းပြောကြားသည်။

ထူထောင်ဖွင့်လှစ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာ၊ နည်းပညာအရာတွင် အခြားနိုင်ငံနှင့် ရင်ပေါင်တန်းနိုင်ခြင်းမရှိပါက မိမိတို့ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားရေးအတွက် ယခုကဲ့သို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေး စီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံ၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ယနေ့အထိ ကျေးရွာပေါင်း ၅၃၅၅၄ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီဖြစ်၍ ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဦးဆုံး နိုင်ငံအဖြစ် ဂုဏ်ယူနိုင်တော့မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံကြီးများ၌ပင် ကျေးရွာတိုင်း၌ စာကြည့်တိုက် မရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

အစီအစဉ်အရ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ငွေပဒေသာပင်အလှူငွေနှင့် စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် ကက်ဆက်များကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် သိန်း ၁၃၀ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ငွေကျပ်တစ်သိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ငွေကျပ်တစ်သိန်း၊ ပြည်နယ် ဗီဒီယိုလုပ်ငန်းရှင်များက ငွေကျပ် သိန်း ၂၀၊ ဒေါ်မီနာ သမာဓိဆေးခန်း မင်းရပ် မြစ်ကြီးနားမြို့၊ ဦးထိန်လင်း-ဒေါ်မိုးငယ် ရှစ်မိုင်ကုန်းရွှေစက်(မြစ်ကြီးနား)မြို့နှင့် ဦးမြင့်လွင်-ဒေါ်ကြည်မြင့် ရှစ်မိုင်ကုန်း မြစ်ကြီးနားမြို့တို့က ဂန္ထဝင်စာကြည့်တိုက် ထရံကာ သွပ်မိုး အဆောက်အအုံနှင့် ပရိဘောဂ၊ ဗီရို၊ စားပွဲ၊ ထိုင်ခုံခြောက်စုံ၊ မီးစက်တစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၉၃ အုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၁၄၁၁၀နှင့် ဒေါ်မီနာ သမာဓိဆေးခန်း မင်းရပ် မြစ်ကြီးနားမြို့က ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြန်လည်ပေးအပ်

ယင်းနောက် ဂျိတ်လင်းန် မြန်မာကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်း၊ ဟိုက်ဂျယ်ကုမ္ပဏီ လီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်း၊ အောင်မိုင်ကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်း၊ လုံစိန်ကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လက်ခံကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နေ ဦးဝင်းထွန်းနှင့် ဦးကျော်ဝင်းတို့က ငွေကျပ် ငါးသိန်း၊ မြစ်ကြီးနားမြို့မှ ဦးသိန်းဆောင်က ငွေကျပ် ငါးသိန်း၊ ပုံနှိပ်တိုက်နှင့် ကွန်ပျူတာစာစီလုပ်ငန်းအဖွဲ့က ငွေကျပ် ငါးသိန်းကို ဒုတိယတိုင်းမှူးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ စီးဆန်းစတား ကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ ဟိုတယ်လုပ်ငန်းရှင်အသင်းက ငွေကျပ်သုံးသိန်း၊ ပရိဘောဂလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ရွှေတောင်ဂါးဒင်း စားသောက်ဆိုင်က ငွေကျပ်နှစ်သိန်း၊ မော်တော်ယာဉ်လိုင်းများက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ စက်မှုလုပ်ငန်းရှင်များအဖွဲ့နှင့် သစ်စက်လုပ်ငန်းရှင်များအဖွဲ့ ဦးလောတာနှင့်မိသားစုတို့က ငွေကျပ် နှစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြစ်ကြီးနားမြို့နယ်မှ အင်းလုပ်ငန်းရှင်များအဖွဲ့၊ တည်းခိုခန်းလုပ်ငန်းရှင်များအဖွဲ့၊ သဲကျောက် လုပ်ငန်းရှင်များအဖွဲ့၊ ရွှေပန်းထိမ်လုပ်ငန်းရှင်များအဖွဲ့နှင့် မောင်စိန်ဝင်းနှင့်ညီများ အထွေထွေရောင်းဝယ်ရေး လုပ်ငန်းအဖွဲ့များက ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ ဒေါ်ခင်မြင့်နှင့်အဖွဲ့က ငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ငွေကျပ် ၁၇၈၂၅၀ တန်ဖိုးရှိ စာအုပ် ၂၂၅ အုပ်နှင့် ဦးဂဲနက်(စ) KMD (မြစ်ကြီးနား)နှင့် KMD (ဗန်းမော်)တို့က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စီဒီရွှမ်နှင့် မြန်မာ့စွယ်စုံကျမ်းများကိုလည်းကောင်း၊ ဦးမျိုးမင်း တန်ဖဲကျေးရွာက ငွေကျပ် ၃၁၀၀၀၀တန်ဖိုးရှိ တီဗွီတစ်လုံးနှင့် စလောင်းတစ်ခုကို လည်းကောင်း၊ ထီးချိုင့်ဆရာတော် ဘဒ္ဒန္တ သုဇာတက ငွေကျပ် ၃၀၆၀၀၀ တန်ဖိုးရှိ တီဗွီတစ်လုံး၊ ဗီစီဒီပြစက်တစ်လုံးနှင့် စလောင်းတစ်ခုတို့ကို လည်းကောင်း၊ ကချင်ပြည်နယ် အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့များက တီဗွီ/ရေဒီယိုနှင့် စာအုပ်၊ စာစောင်များကိုလည်းကောင်း လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော အခမ်းအနားတွင် ကချင်ပြည်နယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင် ၃၁၈ ဦးတို့က စာကြည့်တိုက် အဆောက်အအုံတစ်ခု၊ တီဗွီ ၂၂ လုံး၊ ကွန်ပျူတာတစ်လုံး၊ ဗွီစီဒီစက်တစ်လုံး၊ စလောင်းနှစ်ခု၊ ရေဒီယို ၁၂၂ လုံး၊ ပရိဘောဂများနှင့် မီးစက်တစ်လုံး၊ စီဒီရွှမ်အချပ်၁၀၀၊ ငွေသားအလှူငွေကျပ် ၂၁၂၅၀၀၀၀တို့ကို လှူဒါန်းခဲ့ရာ ပစ္စည်းတန်ဖိုးငွေကျပ် ၇၆၂၉၃၁၀၊ စာအုပ်စာစောင် တန်ဖိုးငွေ ၂၅၅၉၀၁၉ ကျပ်ဖြစ်ပြီး ငွေသားအလှူငွေအပါအဝင် စုစုပေါင်းမှာငွေ ၃၁၄၃၈၃၂၉ ကျပ်ဖြစ်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

၂၀၀၆ခုနှစ် မေလ ၁၁ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်ထူထပ်ခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ဘားအံမြို့တွင် ၃၆ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကသာမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၂ ဒသမ ၂၅ လက်မစီ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၈၇ လက်မ၊ မကွေးမြို့တွင် ၀ ဒသမ ၆၇ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် ထိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေ ၁၂ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၄ ဒီဂရီဖာရင်ဟိုက်) **၁၀-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) **၁၁-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း **၁၁-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၇ ဒသမ ၈ နာရီခန့် **၁၀-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၁-၅-၂၀၀၆	(၀ဒသမ ၂၃လက်မ)	(၀ ဒသမ ၁၆လက်မ)	မရှိ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၆ဒသမ ၁၀လက်မ)၊	(၈ဒသမ ၀၃လက်မ)၊	(၅ဒသမ၅၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၀-၅-၂၀၀၆ရက် ၁၅း၄၅ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၅မိုင်နှုန်း တိုက်ခတ်သည်။

ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့ နယ်မြေ ပဓာန နာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်ကြီးမှူး၍ ကဆုန်လပြည့်နေ့က ပန်းတစ်ပွင့်တောင်ခြေရှိ ဗောဓိပင်တွင် လက်ပန်တန်းစု၊ ဝါးပတော၊ အင်းဂံ၊ ဝါးနက်ချောင်းကျေးရွာများမှ ကုသိုလ်ရှင်များ၊ မြန်မာမန်း ရေလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးတီတိုးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (ဖြ၁)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အောင်ဗောဓိဆုတောင်းပြည့် စေတီတော်ဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်ပင့်ဆောင်ခဲ့သော ဗောဓိညောင်ပင်အား ကဆုန်လပြည့်နေ့က ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၌ မေ ၁၁ ရက် (ကဆုန်လပြည့်နေ့) နံနက်က အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ် ဦးဆောင်သော အဖွဲ့ဝင်များ၊ ၁၄ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (၅၀၆)

ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကဆုန်ညောင်ရေသွန်းပွဲကို မေ ၁၁ ရက် ကဆုန်လပြည့်နေ့က မြို့မ (၃)ရပ်ကွက် လယ်ကိုင်းကျောင်းပရိယတ္တိစာသင်တိုက်အတွင်းကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့် ဦးဆောင်၍ ကျောင်းတိုက်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြစဉ်။ (၅၂၉)

လီဗာပူးနှင့် ဝက်စ်ဟမ်းတို့တွေ့ကြမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲ

တင်ပြသူ-ဇာနည်ဦး

အင်္ဂလန်ဘောလုံး အဖွဲ့ချုပ်ဖလားဘောလုံးပြိုင်ပွဲ (F. A Cup) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၃ ရက် မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင် အင်္ဂလန်နိုင်ငံ ဝေလပြည်နယ်ရှိ ကာဒစ်ဖ်ထောင်စုနှစ် အားကစားကွင်း၌ ကျင်းပတော့မည်ဖြစ်သည်။

ယခုနှစ် အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်လာသော အသင်းနှစ်သင်းမှာ လီဗာပူးနှင့် ဝက်စ်ဟမ်းအသင်းတို့ဖြစ်သည်။

ခြေစွမ်းမညီ

ပြီးစီးသွားသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် လီဗာပူးက ၈၂ မှတ်ဖြင့် ချယ်လ်ဆီးနှင့် မန်ယူတို့နောက် တတိယရရှိခဲ့ပြီး ဝက်စ်ဟမ်းကမူ ၅၅ မှတ်ဖြင့် အဆင့် (၉) နေရာရရှိခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ပထမတန်းမှ တက်ရောက်လာသော အသင်းဖြစ်သော်လည်း ပရီမီယာလိဂ်၌ ပြိုင်ပွဲဝင်အသင်း ၂၀အနက် အဆင့် (၉)ရရှိခြင်းကို ကြည့်ခြင်းအားဖြင့် ခြေစွမ်းမညီကြောင်း သုံးသပ်နိုင်ပါသည်။

အက်ဖ်အေဖလား ဖိုင်နယ်ပွဲအကြိုအဖြစ် လီဗာပူးနှင့် ဝက်စ်ဟမ်း နှစ်သင်းကို ယှဉ်ကြည့်လျှင်-

- ပရီမီယာလိဂ်၌ လီဗာပူးက တတိယရသည်။ ဝက်စ်ဟမ်းက နဝမရသည်။
- ပရီမီယာလိဂ်တွင် လီဗာပူးက ပင်တိုင်အသင်းဖြစ်နေပြီး ဝက်စ်ဟမ်းက ယခုနှစ် ပရီမီယာလိဂ်သို့ ပထမတန်းမှ တက်လာသော အသင်းဖြစ်သည်။
- အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လီဗာပူးနှင့် ဝက်စ်ဟမ်းတို့ လေးကြိမ်ဆုံတွေ့ခဲ့ဖူးရာ လီဗာပူးက သုံးကြိမ်အနိုင်ရပြီး သရေတစ်ကြိမ်ကျခဲ့သည်။
- လီဗာပူးအသင်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲသို့ ၁၂ကြိမ်တက်ခဲ့ပြီး ချန်ပီယံ ခြောက်ကြိမ်ဖြစ်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းက ဗိုလ်လုပွဲသို့ လေးကြိမ်တက်ဖူးပြီး သုံးကြိမ် ချန်ပီယံဖြစ်ခဲ့သည်။

အထက်ပါ နှိုင်းယှဉ်ချက်ကိုကြည့်ပါက လီဗာပူးနှင့် ဝက်စ်ဟမ်းအသင်းတို့၏ အရည်အသွေး၊ အတွေ့အကြုံ၊ သမိုင်းဝင် ကွာခြားချက်များကို တွေ့ရမည်ဖြစ်သည်။ လီဗာပူးအသင်းက ယခု အက်ဖ်အေဖလားပွဲသည် ၎င်းတို့အတွက် အလေးအနက်ထားနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်နေသည်။ အင်္ဂလန်ဘောလုံးလောက၏ ပြိုင်ပွဲသုံးရပ်ဖြစ်သော ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလားပြိုင်ပွဲ သုံးရပ်အနက် ပရီမီယာလိဂ်ဖလားကို ချယ်လ်ဆီးကလည်းကောင်း၊ ကားလင်းဖလားကို မန်ချက်စတာ ယူနိုက်တက်ကလည်းကောင်း ပိုင်ဆိုင်ရယူသွားကြပြီဖြစ်၍ လက်ကျန် အက်ဖ်အေဖလားကို ရယူရန်မှာ လီဗာပူး၏ အန္တိမရည်မှန်းချက်ပင်ဖြစ်သည်။ အင်္ဂလန်မြေပေါ်တွင် လီဗာပူးအတွက် ဂုဏ်ယူရမည့်ဗိုလ်လုပွဲဖြစ်နေသည်။ ထို့ကြောင့် အက်ဖ်အေဖလားကို လီဗာပူးက မဖြစ်မနေ ရယူရန်မှာ ရာခိုင်နှုန်းအများစု သေချာနေပါသည်။

ထို့ပြင် လီဗာပူးသည် ချန်ပီယံလိဂ်လက်ရှိချန်ပီယံဆိုသည့် ဂုဏ်ပုဒ်ကြီးကိုလည်း ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် မေ ၁၃ ရက်တွင် ကျင်းပမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လီဗာပူးက ချန်ပီယံဖြစ်ရေး အလေးအနက်ထားမည်သာဖြစ်ကြောင်းမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေသည်။

ပရီမီယာလိဂ် ပွဲစဉ်များကိုဖြစ်စေ၊ အက်ဖ်အေဖလားပွဲစဉ်များကို ဖြစ်စေ ကြည့်ရှုကြရာတွင် အသင်းကြီးနှင့် အသင်းငယ်ဟူ၍ သတ်မှတ်ကြသော်လည်း ပွဲကစားရာ၌ အသင်းကြီးများ အနေဖြင့် အသင်းငယ်များကို ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်းဖြင့် ကစားခဲ့ကြရကြောင်း တွေ့ကြရမည်ဖြစ်သည်။ အသင်းငယ်ဖြစ်သဖြင့် လျှော့တွက်၍မရ။ တချို့အသင်းကြီးများ မျှော်လင့်သလို ရလဒ်အဖြေမထွက်ဘဲ ရှုံးသွားခဲ့ရသည့် ပွဲများလည်း တွေ့နေရသည်။

ဂုဏ်သိက္ခာအတွက်

ထို့ကြောင့် ယခုနှစ် မေ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားကြမည့် လီဗာပူးနှင့် ဝက်စ်ဟမ်းတို့၏ အက်ဖ်အေဖလားဗိုလ်လုပွဲသည်လီဗာပူး၏ ဂုဏ်သိက္ခာအတွက် ကစားရမည့် ပွဲဖြစ်သကဲ့သို့ ဝက်စ်ဟမ်းကလည်း အက်ဖ်အေဖလားသမိုင်း၌ လီဗာပူးကို အနိုင်ရသည့် မော်ကွန်းသစ်ကို ရေးထိုးပြီး ဆုဖလားကို အပိုင်ရယူရန် ကစားမည့်ပွဲဖြစ်နေသည်။

လီဗာပူးတွင် ဂါစီယာနှင့် ဟျူးဝဲလ်တို့ ပါဝင်ရန် မသေချာဟု သိရသည်။ အားထားရသူ အလွန်ဆို ဒဏ်ရာပျောက်ကင်းပြီး ပါဝင်ကစားနိုင်လျှင် လီဗာပူးအသင်း ပိုမိုအင်အား တောင့်တင်းသွားမည်ဖြစ်သည်။

လီဗာပူးအသင်း ချန်ပီယံလိဂ်ဖလားရအောင် စွမ်းဆောင်ပေးခဲ့သူ မန်နေဂျာ ဘင်နီတက်စ်၏ အခန်းကဏ္ဍကလည်း လီဗာပူးအသင်း အက်ဖ်အေဖလား ရရှိရေးတွင် အဓိကနေရာမှ ပါဝင်နေသည်။

မည်သို့ဆိုစေ အက်ဖ်အေဖလားကြီးက လီဗာပူးထံတွင် တဝဲလည်လည် ဖြစ်နေပေသည်။ လီဗာပူးအသင်း ကံမကောင်း အကြောင်းမလှဖြစ်ခဲ့မှ ဝက်စ်ဟမ်းအသင်း၏ ရှားရှားပါးပါး မျှော်လင့်ချက် အိပ်မက် အကောင်အထည် ပေါ်လာမည်သာ ဖြစ်ပါသည်။ ။

စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် လီဗာပူးနှင့်ဝက်စ်ဟမ်းတို့၏ အက်ဖ်အေ ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဒဏ်ရာရသော်လည်း ပါဝင်ရန် မျှော်လင့်ရသည့် ဝက်စ်ဟမ်းမှ ဒီးန်အက်ရှ်တန်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပအားကစားသတင်းများ



အင်္ဂလန် အက်ဖ်အေဖလား ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည့် လီဗာပူး၏ မောင်းနှင်အားဖြစ်သည့် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

၂၀၀၆-ခုနှစ်၊ မေလ(၁၃)ရက်

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။
၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပွာတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈း၀၀ ၇။ အကပြိုင်ပွဲ
၈း၀၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ ၉။ အတီးပြိုင်ပွဲ
၈း၂၅ ၁၀။ ကျောက်ကြီးပေါက်တံတား
၈း၃၀ ၁၁။ International News.
၈း၄၅ ၁၂။ Happy and Educational English Summer Course MRTV.
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၀။ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၂၅ ၇။ မြန်မာစာမြန်မာစကား
၅း၄၀ ၈။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅း၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ"(အပိုင်း-၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ" (အပိုင်း-၅)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အခြေအနေကောင်းများ ဖန်တီးနိုင်မည့် ပေါ်တူဂီ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (ဃ)တွင် အုပ်စုမှ ကျွတ်နိုင်သော အသင်းတစ်သင်းမှာ ပေါ်တူဂီဖြစ်သည်။ ကမ္ဘာ့ဖလားနှင့်ပတ်သက်၍ သမိုင်းအစဉ်အလာ မယ်မယ်ရရမရှိသော ပေါ်တူဂီသည် ပွဲကြိုလူကြိုက်များသည့် အသင်းထဲ၌ အမြဲပါဝင်လေ့ရှိသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အဆင့်တစ်ခုအနေဖြင့် ပေါ်တူဂီအား လက်ညှိုးထိုးပြစရာဆို၍ ၁၉၈၆–

ပေါ်တူဂီ၏ အကောင်းဆုံး ဘောလုံးသမားတစ်ဦး ဖြစ်ပြီး အတွေ့အကြုံ ရင့်ကျက်သူ အလယ်တန်း ကစားသမား ရူအီကော့စတာ။

၂၀၀၂ ခုနှစ်များမှာ ပထမအဆင့်အထိသာ ကစားနိုင်ခဲ့သည်။ ၁၉၆၆ ခုနှစ် အင်္ဂလန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယတစ်ကြိမ်ရခဲ့ဖူးသည်။

မည်သို့ပင်ဖြစ်စေ လူကြိုက်များသော အသင်းတစ်သင်းအနေဖြင့် ပေါ်တူဂီအသင်း အကြောင်းကို ပရိသတ်များအား တစေ့တစောင်း တင်ပြလိုပါသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲကာလတစ်လျှောက်တွင် ပေါ်တူဂီ၏ ခြေစွမ်းရည်ကောင်းသည်။ ယင်းကဲ့သို့သော ခြေရည်ခြေသွေးမျိုးနှင့် ဆိုလျှင် ဂျာမနီကမ္ဘာ့ဖလားပွဲတွင် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်သည့် အနေအထားရှိသည်။

ခြေစစ်ပွဲ ၁၂ ပွဲတွင် ကိုးပွဲနိုင်သည်။ စုစုပေါင်း ၃၅ မှတ်ရသည်။ ဒုတိယရသော ဆလိုဗက်ကီးယားကို ခုနစ်မှတ်အပြတ် ဖြတ်ထားနိုင်ခဲ့သည်။ ဥရောပမှာ ဂိုးသွင်းစံချိန် အကောင်းဆုံးလည်းဖြစ်သည်။

ဂိုးပေါင်း ၃၅ ဂိုးသွင်းပြီး ငါးဂိုးသာ ပြန်အသွင်းခံရသောကြောင့် ပေါ်တူဂီအသင်းအား ပရိသတ်က အသည်းစွဲမည်ဆိုလျှင် စွဲလောက်ပေသည်။ တိုက်စစ်မှူး ပေါ်လက်တာဆိုရင် ၁၁ ဂိုးပင် သွင်းခဲ့သည်။ ဥရောပတွင်

ပေါ်တူဂီဘောလုံးအသင်း နောက်တန်း အတွင်းလူအဖြစ် ပါဝင်မည့် အတွေ့အကြုံကြွယ်ဝသူ ဖာနန်ဒိုကူတို။

ဂိုးအများဆုံးသွင်းသူဖြစ်သည်။ ဂန္ထဝင်ဘောလုံးသမားကြီး အူဆီဘီယို၏ ခြေရာနင်းမည့် အနေအထားရှိသည်။

သို့ရာတွင် လီချင်စတိန်းနှင့် ကစားရသောပွဲတွင်မူ ပေါ်တူဂီအသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ပထမပွဲစဉ်အဖြစ် ဗာဒူး(ဇ်)မှာ ကစားရသည်။ အိမ်ရှင်က ၂–၀ ဖြင့် ဦးဆောင်ထားသည်။ ၂–၂ သရေကျအောင် အကြိတ်အနယ် လိုက်ကစားယူရသည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် အိမ်ကွင်း၌ ဒုတိယအကျော့အဖြစ် ထပ်မံကစားရာ ပေါ်တူဂီက ၂–၁ ဖြင့်နိုင်သည်။ လီချင်စတိန်းကို သရေကျလိုက်သောကြောင့် ပေါ်တူဂီအသင်း၏ ယုံကြည်ချက်များကို အကြီးအကျယ် ထိခိုက်သွားစေသည်။ နောက်လေးရက်အကြာတွင် ရုရှားနှင့် ကစားရသည်။ ၇–၁ ဂိုးဖြင့် ဂိုးပြတ်နိုင်လိုက်သည်။ ထို့ကြောင့် ၎င်းပွဲတွင် ပေါ်တူဂီ၏ ခြေစွမ်းသည် အထက်မြက်ဆုံးဟု ယုံကြည်ရသည်။

ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရသည်မှာ ယခုတစ်ကြိမ်နှင့်ပါဆိုလျှင် စတုတ္ထမြောက်ရှိပြီဖြစ်သည်။ ဂန္ထဝင်ဘောလုံးသမားကြီး အူဆီဘီယို ခေတ်ကကဲ့သို့ပင် ပေါ်တူဂီအသင်းသည် ပြန်လည်နိုးထလာလေမလားဟု မျှော်လင့်ကြီးစွာ စောင့်စား



ကမ္ဘာ့ဖလားပြိုင်ပွဲနွှဲမည့် ပေါ်တူဂီအသင်းတွင် နည်းပြဆရာခေါ်ယူလိုက်သဖြင့်ပါဝင်လာသူ ကမ္ဘာကျော်ဘောလုံးသမား လူးဝစ်ဖီဂို။

နေကြသည်။ ၁၉၆၆ ခုနှစ် အင်္ဂလန် ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဇာတ်ခုံပေါ်သို့ တက်ရောက်ကစားခွင့်ရကာ ခြေစွမ်းပြနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်အင်္ဂလန်ကို ၂–၁ ဖြင့်ရှုံးသည်။ တတိယလုပွဲတွင် ဆိုဗီယက်ကို ၂–၁ ဖြင့်နိုင်ပြီး ကြေးတံဆိပ်ရခဲ့သည်။

၁၉၉၀ ပြည့်လွန် ကာလများတွင် ရွှေရောင်မျိုးဆက်သစ်ဟု ခေါ်တွင်သော လူးဝစ္စဖီဂို၊ ရူအီကော်စတာ စသည်တို့ပေါ်ထွက်လာသည်။ ပေါ်တူဂီပရိသတ်က ထိုရွှေရောင်မျိုးဆက်သစ်ကို အကြီးအကျယ် မျှော်လင့်ခဲ့ကြသည်။

ခြေစွမ်းပြနိုင်

ရွှေရောင်မျိုးဆက်သည် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ဆုံးအဆင့်သို့ တက်ခွင့်မရသော်လည်း ဥရောပဖလား ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင်မှ ပေါ်တူဂီသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရသည်။ အုပ်စု (ဃ)တွင် တောင်ကိုရီးယား၊ ပိုလန်၊ အမေရိကန်တို့နှင့် အတူကျသည်။ ပေါ်တူဂီသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ကို ရှုံးပြီး အုပ်စုမှ လှည့်ပြန်ရသည်။

အုပ်စုမှ လှည့်ပြန်ခဲ့ရသော ပေါ်တူဂီအသင်းကို ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်း၏ နည်းပြဆရာ စကိုလာရီလက်ထဲသို့ ထိုးအပ်လိုက်သည်။ စကိုလာရီလက်ထက်

ဂမ်ဆိုင်း

တွင် ပေါ်တူဂီသည် ၂၀၀၄ ခုနှစ် ဥရောပဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရသည်။ ထို့အပြင် ဗိုလ်လုပွဲသို့ရောက်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ဗိုလ်လုပွဲ၌ ဂရိကို ရှုံးနိမ့်ပြီး ဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲသမိုင်း၌ ပေါ်တူဂီအသင်းသည် ပထမဦးဆုံးအနေဖြင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ သမိုင်းဝင်မှတ်တမ်းတစ်ခုအဖြစ် မော်ကွန်းထိုးရမည်ဖြစ်သည်။

လက်ရှိပေါ်တူဂီအသင်းကို စကိုလာရီသည် လူကြီးလူငယ် အချိုးညီညီ ပေါင်းစပ်ပေးထားသော "ရောသမအသင်း"ဖြစ်အောင် တည်ဆောက်ထားသည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လကတည်းက နိုင်ငံတကာ ပြိုင်ပွဲများမှ အနားယူခဲ့သော ဖီဂိုမှာ ပေါ်တူဂီအသင်းမှာ ပြန်လည်ပါဝင်လာခြင်းက အင်အားတစ်ရပ်ဖြစ်သည်။ နည်းပြဆရာစကိုလာရီ၏ စွမ်းရည်ကြောင့် ပေါ်တူဂီအသင်းသည် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲ၌ အခြေအနေကောင်းများကို ဖန်တီးပေးနိုင်လိမ့်မည်ဟု ယုံကြည်ရသည်။

ပေါ်တူဂီအသင်း အုပ်စုမှ ကျွတ်ဖို့အတွက် အထူးဂရုစိုက်ရမည့် အသင်းတစ်သင်းမှာ အင်ဂိုလာဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ အမေရိကန်ကို ပွဲဦးထွက်တွင် ရှုံးသလို ပေါ်တူဂီမရှုံးရန်လိုသည်။ စကိုလာရီကလည်း ထိုအဖြစ်မျိုး အရောက်ခံလိမ့်မည်မဟုတ်ဟု ယူဆရသည်။ အီရန်ပွဲကို အားစိုက်ရန် သိပ်မလိုသော်လည်း မက္ကဆီကိုနှင့် နောက်ဆုံးပွဲကို လုံးဝညှစ်ကစားရမည်။ သို့မှသာ ဒုတိယဆင့်ရှုံးထွက်ပြိုင်ပွဲတွင် အာဂျင်တီးနားနှင့် လွဲသွားမည်။ ဒုတိယဖြစ်နိုင်သော နယ်သာလန်နှင့် တွေ့နိုင်သည်။

ဤတစ်ကြိမ်တွင် နည်းပြဆရာ စကိုလာရီနှင့် ပေါ်တူဂီကစားသမားများ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒုတိယအဆင့် ရှုံးထွက်ပွဲသို့ တက်ရောက်သွားရန် အလာအလားကောင်းများရှိနေသည်ဟု ထင်မြင်မိပါသည်။ ထိုမှတစ်ဆင့် ကွာတားဖိုင်နယ်အထိ ရောက်သွားကောင်း ရောက်သွားနိုင်ကြောင်း သုံးသပ်မိသည်။ ။

ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲတွင် အင်္ဂလန်မှ မစ်ဒယ်ဘရော့အသင်းကို အနိုင်ရဗိုလ်စွဲသွားသော စပိန်မှ ဆီးဗီးလ်ကလပ်အသင်းသားများအား ဖလားကြီးနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယူအီးအက်ဖ်အေဖလား ဆီးဗီးလ်အသင်းဆွတ်ခူး မစ်ဒယ်ဘရော့အသင်းကို လေးဂိုးပြတ်ဖြင့်နိုင်

နယ်သာလန် မေ ၁၀

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နယ်သာလန်နိုင်ငံ အင့်ဟိုဗင်ကွင်းတွင် မေ၁၀ရက်ညက ကျင်းပရာ စပိန်နိုင်ငံမှ ဆီးဗီးလ်ကလပ်အသင်းက အင်္ဂလန်နိုင်ငံမှ မစ်ဒယ်ဘရော့အသင်းကို ခြေအသာကစားကွက်အသာဖြင့် ကစားပြီး လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရကာ ဗိုလ်စွဲသွားသည်။

မစ်ဒယ်ဘရော့ နောက်ခံလူများ အမှားအယွင်းများခြင်း၊ ဆီးဗီးလ်အသင်း၏ တိုက်စစ်မှူးများကို မထိန်းနိုင်ခြင်းကြောင့် ဂိုးပြတ်ရှုံးရခြင်းဖြစ်သည်။

ပထမပိုင်းတွင် ဆီးဗီးလ်မှ ဖာဘီယာနိုခေါင်းတိုက်သွင်းသည့်တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဆီးဗီးလ်က ပွဲကိုထိန်းကစားရင်း တန်ပြန်တိုက်စစ်များဖြင့် လှုပ်ရှားကစားသွားသည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ မစ်ဒယ်ဘရော့အသင်း သက်လုံပိုင်းကျလာရာ ဆီးဗီးလ်အသင်း ပြန်လည်ဖိကစားလာပြီး ၇၈ မိနစ်နှင့် ၈၄ မိနစ်တို့တွင် မာရက်စတာက ဒုတိယနှင့် တတိယဂိုးကိုလည်းကောင်း၊ ပွဲပြီးရန်တစ်မိနစ်အလိုတွင် ကနူတီက စတုတ္ထဂိုးကိုလည်းကောင်းသွင်းယူ၍ ဆီးဗီးလ်အသင်းလေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရကာ ယူအီးအက်ဖ်အေဖလားကြီး ဆွတ်ခူးသွားသည်။ ***အင်တာနက်။***

မြိုင်ဟေဝန် ဖု(ဒ်)စင်တာ (၁၀) နှစ်မြောက် အခမ်းအနားတွင် ကံစမ်းမဲပေါက်သော ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်အား ဈေးဝယ်ခွင့်ကတ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

မြိုင်ဟေဝန်ဖု(ဒ်)စင်တာ (၁၀)နှစ်မြောက် အခမ်းအနားနှင့် ဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် မေ ၁၁

ယနေ့တွင် ကျရောက်သော မြိုင်ဟေဝန် ဖုဒ်စင်တာ၏ (၁၀) နှစ်မြောက် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ (၈)မိုင်လမ်းဆုံရှိ မြိုင်ဟေဝန်ဖုဒ်စင်တာဝင်း၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် Operation Manager ဒေါ်မေသူမြင့်က ဆောင်ရွက်ပြီး ဧည့်သည်များအား မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာမြင့်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၁၀)နှစ်တာ အားပေးခဲ့ကြသော ဈေးဝယ်သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကံစမ်းမဲရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ပထမလေးသိန်းတန် ဈေးဝယ်ခွင့်ကတ်ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမင်းမော်ကွန်းက လည်းကောင်း၊ ဒုတိယနှစ်သိန်းဆုနှင့် တတိယတစ်သိန်းဆု ဈေးဝယ်ခွင့်ကတ်တို့ကို ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က လည်းကောင်း၊ နှစ်သိမ့်ဆုငွေကျပ် ငါးသောင်းတန် ဈေးဝယ်ခွင်ကတ် ခုနစ်ဆုကို Telent & Model မှ သင်တန်းသူများက လည်းကောင်း မဲဖောက်ပေးကြသည်။

ယနေ့မှ မေ ၁၃ရက်အထိ ဈေးရောင်းပွဲကို ကျင်းပရာ Dumex, Pretty-T, Yay Nan Thu Zar, Wai Di, Golden Bell, S II M. Ii Fashion, Paramount, Ninesix, Ever Top, Walco, Green Elephant စသည့် ဆိုင်များက နံနက် ၉ နာရီမှ ည ၉နာရီအထိ ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၂)လမ်းနေ ကွယ်လွန်သူ ဒေါ်ခင်တင့် (၃)နှစ်ပြည့်အား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက်၊ ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးသိန်းလင်းဇော် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

မီးသုံးစွဲလျှင် အသိယှဉ်ဆင်ခြင်သတိ အမြဲရှိ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သစ်တက်ကုန်းရေလှောင်ဆည် ကြည့်ရှု ဒေသဖွံ့ဖြိုးရေးနှင့် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၁၁

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့နှင့်အတူ မေ ၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် ပိုင်းဝန်းပါဝင်ဆောင်ရွက် ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဆောင်ရွက်ရေး၊ ခြစည်းရိုးကြက်ဆူပင်ကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရေး တို့ကို အကျယ်တဝင့်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတပ်နယ်ခန်းမအနီး၌ စိုက်ပျိုးထားသည့် ခြစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရုံးဝင်းအတွင်း ခြစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ခြစည်းရိုးကြက်ဆူပင် ၂၈၇၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ငါးမွေးမြူရေးလုပ်ငန်းရှိ ငါးမွေးမြူရေးကန်များ၌ ငါးများမွေးမြူထားရှိမှုနှင့် ကန်ပေါင်များပေါ်တွင် ခြစည်းရိုးကြက်ဆူ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

ရေလှောင်ဆည် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် သစ်တက်ကုန်း ရေလှောင်ဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် ဌာနဆိုင်ရာများက အောက်ခြေအထိဆင်း၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသော ခြစည်းရိုးကြက်ဆူပင်များ လျာထားချက်ကျော်လွန်အောင်စိုက်ပျိုး

နေပြည်တော် မေ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မေ ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့် ပဲခူးတိုင်း ရေနီမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် တောင်ငူမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အတူ တောင်ငူမြို့ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့် နိုင်ငံတော်က စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သည့် ခြစည်းရိုးကြက်ဆူပင်များကို မိသားစုအလိုက်၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ဝင်ငွေတိုးစေမည့် လုပ်ငန်းအဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရေး၊ မိသားစုသက်သာချောင်ချိမှုရရှိစေရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ခြစည်းရိုးကြက်ဆူ ပျိုးပင်များကို တပ်ရင်း တပ်ဖွဲ့မှူးများထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၁၂-၅-၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် **အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

✳ **အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါဟူသည့် ကြွေးကြော်သံနှင့်အညီ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့၌ နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ-၂)

✳ **မြန်မာနိုင်ငံမှ ကရုဏာရှင် ဝါရင့်သူနာပြုကြီးများဖြစ်သော ဒေါ်ခင်အုန်းမြ၊ ဒေါ်သိန်းကြည်၊ ဒေါ်အမ်ယောနမ်တို့သည် နိုက်တင်ဂေးလ်ဆုရှင်များဖြစ်ကြသည်။**

တက္ကသိုလ်တင်အောင်၏ **"ပြုစုအင်အားပြည့်ဝမှ လုံခြုံစိတ်ချ ပြည်သူ့ဘဝ"** ဆောင်းပါး(စာမျက်နှာ-၃)